# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် ဝါခေါင်လဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 2 August 2017 (၉၀၀၄)


**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နန့်နေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

# (၁၃)ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပရေး ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

## မိတ်ဖက်နိုင်ငံများနှင့် အဖွဲ့အစည်းအားလုံး လက်ခံနိုင်သည့် ရလဒ်ကောင်းများထွက်ပေါ်လာရေး ကော်မတီအသီးသီး ညှိနှိုင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁**

(၁၃) ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာကျင်းပရေး ဗဟိုကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်သည်။

အစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ယခုအစည်းအဝေးသည် မေလအတွင်း ကျင်းပခဲ့သည့် ပထမအကြိမ် ဗဟိုကော်မတီအစည်းအဝေး နောက်ဆက်တွဲအဖြစ် ကျင်းပခြင်းဖြစ်ကြောင်း၊ ဆပ်ကော်မတီအသီးသီးအနေဖြင့်လည်း လုပ်ငန်းဆောင်တာများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အစည်းအဝေးအောင်မြင်စွာ ကျင်းပရေးအတွက် ဘာသာရပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များသာမက

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✪



ဗဟိုကော်မတီအစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှာစကားပြောကြားစဉ်။

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၁၆ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်**

လွှတ်တော် စာမျက်နှာ - ၅

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ**

စာမျက်နှာ - ၇

# မြန်မာနိုင်ငံတွင် နေထိုင်ခွင့်ရရှိမည့် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လုပ်ငန်းစဉ်များ ထုတ်ပြန် ပြည်ပနိုင်ငံသားအဖြစ်ခံယူထားသော မြန်မာနိုင်ငံသားဟောင်းများပါ လျှောက်ထားနိုင်

**နေပြည်တော် ဩဂုတ် ၁**

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာလုပ်ငန်းကို ၂၀၁၅ ခုနှစ်မှ စတင်ဆောင်ရွက်လျက်ရှိရာ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ယနေ့ ထုတ်ပြန်လိုက်သည်။

အဆိုပါထုတ်ပြန်ချက်အရ မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ကို နိုင်ငံခြားသား အမြဲနေထိုင်ခွင့်လျှောက်ထားသည့်နေ့မတိုင်မီ ၁၀ နှစ်အတွင်း အခြေချနေထိုင်ခွင့်မရှိသော ဗီဇာတစ်မျိုးမျိုး ကိုင်ဆောင်၍ မြန်မာနိုင်ငံတွင် သုံးနှစ်အောက်မနည်း စဉ်ဆက်မပြတ် ဝင်/ထွက် သွားလာနေထိုင်လျက်ရှိသော ကျွမ်းကျင်ပညာရှင်/ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင် နိုင်ငံခြားသားများ၊ မြန်မာနိုင်ငံသားနှင့် လက်ထပ်ထားသည့် အိမ်ထောင်သက်အနည်းဆုံး နှစ်နှစ်ရှိပြီး နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လျှောက်ထားသည့် နေ့မတိုင်မီ ၁၀ နှစ်အတွင်း

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐

**နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ရရှိသူသည်-**

- ✦ ကနဦး ငါးနှစ် နေထိုင်ခွင့်ရရှိမည်
- ✦ ငါးနှစ်အတွင်း တစ်နှစ်လျှင်တစ်ကြိမ် သက်တမ်းပြန်လည်အတည်ပြုရမည်
- ✦ ငါးနှစ်ပြည့်ပါက ထပ်မံ၍ တစ်ကြိမ်လျှင် ငါးနှစ်သက်တမ်းတိုး လျှောက်ထားနိုင်




## ကြေးမုံ

# ရောဂါကာကွယ်ရေးအလေးထားသတိမူ

မျက်မှောက်ကာလတွင် အများပြည်သူတို့သတိမူရမည်မှာ ကူးစက်မြန် အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါဖြစ်သည်။ အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါဟုဆိုသဖြင့် ယနေ့ခေတ်စားနေသော H1N1 ရောဂါ သာမက အခြားရောဂါများကိုလည်း သတိပြုရမည်ဖြစ်သည်။ ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များ စားသုံးခြင်း၊ ကိုယ်ခံအားကောင်းပြီး ကျန်းမာကြံ့ခိုင်စေရန် အားထုတ်ကျင့်ကြံခြင်း၊ မသန့်ရှင်းသောနေရာ၊ လူထူထပ်သောနေရာများအား တတ်နိုင်သမျှရှောင်ရှားခြင်း၊ အကာအကွယ်များကို အသုံးပြုခြင်းစသည်တို့ကို မမေ့မလျော့သတိမူ ပြုလုပ်ရမည်ဖြစ်သည်။

လတ်တလောတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၁ ရက် မွန်းလွဲပိုင်းအထိ ရရှိသောအချက်အလက်များအရ ပြင်းထန်သော အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်၍ ကုသသည့် လူနာစုစုပေါင်း ၂၄၅ ဦးရှိပြီး ၎င်းတို့အနက် H1N1 သံသယရှိလူနာ စုစုပေါင်း ၇၆ ဦးရှိကာ သေဆုံးသူ ၁၂ ဦးရှိကြောင်း သိရသည်။ ဆေးရုံတက်ရောက်ပြီး သေဆုံးခဲ့သည့်နှုန်းမှာ ၄ ဒသမ ၈ ရာခိုင်နှုန်း ဖြစ်လာသည်။

သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် အဆိုပါရောဂါနှင့်ပတ်သက်၍ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခြင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကာကွယ်ထိန်းချုပ်ခြင်းနှင့် ကုသမှုပေးခြင်း၊ ကျန်းမာရေးအသိပညာပေးရေးလုပ်ငန်းများကို နိုင်ငံတစ်ဝန်း၌ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသည်ကို တွေ့ရသည်။ ထို့အပြင် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းအတွက် လိုအပ်မည့် ဆေးနှင့် ဆေးပစ္စည်းများ၊ ကာကွယ်ရေးပစ္စည်းများအား လိုအပ်သည့်နေရာများသို့ အချိန်မီဖြန့်ဖြူးရေး၊ ပြည်သူလူထုအတွင်း ရောဂါပျံ့နှံ့မှုထိန်းချုပ်ရေး၊ ဆေးရုံသတင်းများနှင့် ရောဂါဖြစ်ပွားမှုသတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီထုတ်ပြန်နိုင်ရေးတို့ကို ယခုထက် ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလုပ်ဆောင်သွားရန် လိုအပ်မည်ဖြစ်သည်။

လက်ရှိအနေအထားတွင် အဆိုပါ ကူးစက်မြန်အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါ H1N1 နှင့် အခြားဆက်နွယ်ရောဂါများအား ကျန်းမာရေးဌာနမှ အရေးတကြီးအားသွန်ခွန်စိုက် ဆောင်ရွက်ပေးနေချိန်တွင် H5N1 ဟုခေါ်ဆိုသော ကြက်ငှက်တုပ်ကွေးရောဂါပါ ထပ်မံတွေ့ရှိလာသည်။ ကြက်ငှက်တုပ်ကွေးရောဂါမှာ လူကိုကူးစက်မှုမရှိသော်လည်း လူအများစားသုံးသောအစားအစာဖြစ်၍ လူတို့နှင့်ပတ်သက်ပေသည်။ ထို့အပြင် ရာသီတုပ်ကွေးကာလတွင် လူတုပ်ကွေး၊ တိရစ္ဆာန်တုပ်ကွေးတို့ပေါင်းစပ်ပြီး ရောဂါပိုးအသစ် ထပ်မံမဖြစ်အောင်လည်း အထူးသတိထားရပေမည်။

ကူးစက်ရောဂါဖြစ်ပွားမှုမှာ အရှိန်တန့်မသွားဘဲ ထပ်တိုးဖြစ်ပေါ်နေခြင်း၊ တစ်မျိုးမဟုတ်တစ်မျိုး ဖြစ်ပေါ်နေခြင်း၊ လူသေဆုံးမှုဆက်လက်ဖြစ်ပေါ်နေခြင်းစသည်တို့ကို ကျန်းမာရေးဘက်ဆိုင်ရာဝန်ထမ်းများက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လှုပ်ရှားဆောင်ရွက်နေကြသည်မှာ လွယ်ကူသောအလုပ်မဟုတ်ချေ။ အထူးသဖြင့် ရောဂါအဖြစ်များသည့် လူဦးရေထူထပ်သော ရန်ကုန်မြို့တွင် နေ့စဉ်ပိုမိုအားထုတ်ဆောင်ရွက်နေရသည်ကို တွေ့ရမည်ဖြစ်သည်။ ယင်းသို့သောအခြေအနေတွင် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ မိတ်ဖက်အဖွဲ့အစည်းများကလည်း အင်တိုက်အားတိုက် အသိစိတ်ဓာတ်ရှိစွာဖြင့် ပူးပေါင်းပါဝင်အားဖြည့်ဆောင်ရွက်ပေးသင့်သည်ဟု ရှုမြင်ပါသည်။

အထူးသဖြင့် နိုင်ငံအတွင်း စိုးရိမ်ပူပန်မှုတစ်ခုခုဖြစ်ပေါ်နေသောအချိန်တွင် မဟုတ်မမှန်ကောလာဟလသတင်းများ ထွက်ပေါ်တတ်ပြီး ယင်းတို့ကို နားမယောင်မိဖို့လိုသည်။ ပြည်သူလူထုအနေဖြင့် မည်သည့်အကြောင်းကိစ္စပေါ်သည်ဖြစ်စေ စိုးရိမ်ပူပန်မှုဖြစ်တတ်ကြသောကြောင့် ပြည်သူလူထုစိုးရိမ်ပူပန်မှု လျော့နည်းသက်သာစေရန် ဆောင်ရွက်ရမည်ဖြစ်သည်။ ဖြစ်ပေါ်နေသောသတင်းအချက်အလက်ကို ပို၍အသိပေးခြင်း၊ လျှော့၍အသိပေးခြင်းမပြုလုပ်မိဘဲ ဖြစ်ပေါ်နေသောအခြေအနေမှန်ကို မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် အသိပေးသတင်းထုတ်ပြန်နိုင်မှသာ ပြည်သူလူထုယုံကြည်မှုရရှိပြီး သက်ဆိုင်ရာတို့ကလည်း လုပ်သင့်လုပ်ထိုက်သည်များကို ထိထိရောက်ရောက် လုပ်ကိုင်နိုင်မည်ဖြစ်သည်။ ။

# YBS အထူးယာဉ်မောင်းသင်တန်း အပတ်စဉ် (၂) ဩဂုတ်လပထမပတ်တွင် ဆက်လက်ဖွင့်လှစ်မည်

**ရန်ကုန် ဩဂုတ် ၁**

YBS အထူးယာဉ်မောင်းသင်တန်း အပတ်စဉ်(၁) သင်တန်းဖွင့်လှစ် သင်တန်းဆင်းပြီးဖြစ်သည့်အတွက် အပတ်စဉ်(၂)သင်တန်းကို ဩဂုတ်လပထမပတ်တွင် ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးနှင့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) တို့ပူးပေါင်း၍ YBS ယာဉ်လိုင်းများတွင် မောင်းနှင်ရန် အထူးယာဉ်မောင်းသင်တန်း အပတ်စဉ်(၁)ကို ဇူလိုင်လအတွင်း YRTA ရုံးချုပ်၌ ပြုလုပ်ခဲ့ပြီး စာတွေ့လက်တွေ့အပါအဝင် ရက်သတ္တသုံးပတ်ကြာ သင်ကြားပြီးနောက် သင်တန်းဆင်းအောင်မြင်သူများကို နိုင်ငံတကာယာဉ်မောင်းသင်တန်းဆင်း အသိအမှတ်ပြုအတိုင်း သင်တန်းဆင်းအောင်လက်မှတ် ထုတ်ပေးကြောင်း သိရသည်။

"အပတ်စဉ် (၁) သင်တန်းက သင်တန်းဆင်းသွားပါပြီ။ စုစုပေါင်း ၁၀၄ ယောက်မှာ ရှစ်ယောက်ကတော့ စာတွေ့အောင်မြင်ပေမယ့် လက်တွေ့ယာဉ်ကြီး မောင်းနှင်မှုစစ်ဆေးချက်မှာ မအောင်မြင်သေးတဲ့အတွက် ဆက်လက်ဖြေဆိုရမှာဖြစ်ပါတယ်။ အယောက် ၁၀၀ နီးပါး သင်တန်းဆင်းနိုင်ခဲ့ပါတယ်။ အခု အပတ်စဉ်(၂)ကို ဩဂုတ် ၇၊ ၈ ရက်လောက်မှာ ဆက်လက်ဖွင့်လှစ်ဖို့ ပြင်ဆင်နေပါတယ်။ အမျိုးသမီးယာဉ်မောင်းတွေလည်း စိတ်ပါဝင်စားရင် လာရောက်လျှောက်နိုင်တယ်လို့ ဖိတ်ခေါ်ထားပါတယ်။ အခု အပတ်စဉ်(၂)ဖွင့်ဖို့ကို ကျန်းမာရေး စစ်ဆေးချက်တွေ၊ စိတ်ပိုင်းဆိုင်ရာ စစ်ဆေးချက်တွေ၊ ယာဉ်ကြီးမောင်းနှင်နိုင်မှု ရှိ၊ မရှိ စစ်ဆေးချက်တွေပြုလုပ်ပြီး ဆက်လက်ဖွင့်လှစ်သွားမယ်" ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

အဆိုပါသင်တန်းကို ယာဉ်မောင်းလိုင်စင် အနိမ့်ဆုံး(ခ)လိုင်စင် သုံးနှစ်သက်တမ်းနှင့် အထက်ရှိသော ယာဉ်မောင်းများ မည်သူမဆိုလာရောက်လျှောက်ထားနိုင်ပြီး အမျိုးသမီးယာဉ်မောင်းများလည်း လျှောက်ထားနိုင်ကြောင်း ဒေါက်တာမောင်အောင်က ပြောသည်။

သင်တန်းအပတ်စဉ်(၁)တွင် သင်တန်းသား အယောက် ၄၀၀ ကျော် လျှောက်ထားခဲ့ရာမှ သင်တန်းသား ၁၀၄ ဦးခန့်ဖြင့် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် အောင်မြင်သူများကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် သင်တန်းဆင်းအောင်လက်မှတ်ထုတ်ပေးမည်ဖြစ်ပြီး YBS ယာဉ်လိုင်းများရှိ ပုဂ္ဂလိကကုမ္ပဏီတို့တွင် ခန့်အပ်မောင်းနှင်စေမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ သင်တန်းတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သာမက ယဉ်ကျေးပျူငှာစွာ ဝန်ဆောင်မှုပြုရေးတို့အပါအဝင် လက်ရှိဝယ်ယူထားသည့် YBS ကားသစ်များ ကောင်းမွန်စွာ ကိုင်တွယ်မောင်းနှင်နိုင်ရေးကိုလည်း သင်တန်းပေးသွားမည်ဟု သိရသည်။

**(ဆုနှင်းလှဲ့)**



# မြန်မာနိုင်ငံစာရေးဆရာအသင်း စာရေးနည်း အခြေခံလမ်းညွှန်သင်တန်း အမှတ်စဉ်(၈) ဖွင့်လှစ်မည်

**ရန်ကုန် ဩဂုတ် ၁**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးကျင်းပသည့် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုရေးသားနည်း အခြေခံလမ်းညွှန်သင်တန်း အမှတ်စဉ် (၈)ကို စက်တင်ဘာ ၁ ရက် မှ ၃၀ ရက်အထိ အပတ်စဉ် တနင်္လာနေ့မှ စနေနေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို လယ်တွင်းသားစောချစ်၊ မောင်ခင်မင်(ဓနုဖြူ)၊ မနုဿကျော်ဝင်း၊ မြင်းမူမောင်နိုင်မိုး၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ ချစ်နိုင်(စိတ်ပညာ)၊ မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၊ စလင်းဘုန်းကျော်၊ မောင်စိမ်းနောင်(လယ်ဝေး)၊ သန်လျင် မောင်မောင်ဦး၊ မစန္ဒာ၊ ကြူကြူသင်း၊ မနှင်းဖွေး၊ မမိုးမြေ၊ မြတ်စိုး(လှိုင်)၊ မော်ဝန်းကြည်မြတ်၊ မြတ်ဝေတိုး(ပညာရေးတက္ကသိုလ်)၊ မောင်စိုးထိုက်(သုံးဆယ်)၊ ဒေါက်တာတင်အောင်ရွှေ(သုတေသီ)၊ သျှီ(အင်ကြင်း)၊ ပုသိမ်အောင်သန်းဦးတို့က သင်ကြားပို့ချကြမည်ဖြစ်သည်။

သင်တန်း တက်ရောက်လိုသူများသည် သင်တန်းကြေးငွေကျပ် ၂၀၀၀၀ ပေးသွင်းရမည်ဖြစ်ပြီး အသက် (၁၆)နှစ် ပြည့်ပြီးသူဖြစ်ကာ သင်တန်းမှ သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာရ မည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများအနေဖြင့် ဩဂုတ် ၂၀ ရက် နောက်ဆုံးထားပြီး ဓာတ်ပုံသုံးပုံနှင့်အတူ လျှောက်လွှာပုံစံဝယ်ယူတင်သွင်းနိုင်ကြောင်း၊ သင်တန်းသားအရေအတွက် ကန့်သတ်ထားသဖြင့် သတ်မှတ်ထားသော ရက်ကာလထက် နောက်ကျတင်သွင်းလာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ကြောင်းနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းရုံး အမှတ် (၁၇၃/၁၇၅) (၇)လွှာ၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၂၅၂၄၁၇၊ ၀၁-၃၈၅၂၇၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၁**

ရန်ကုန်(ရွှေဈေး) ၉၀၇၅၀၀ - ၉၀၇၅၀၀၊ မန္တလေး(ရွှေဈေး) ၉၀၇၅၀၀ - ၉၀၇၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၀/၆၆၅ ကျပ်၊ | ၆၅၀/၆၈၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၀၀/၇၁၅ ကျပ်၊ | ၇၅၀/၈၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၅၀/၆၇၀ ကျပ်၊ | ၆၈၀/၇၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၇၀/၆၈၅ ကျပ်၊ | ၆၇၀/၇၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၂၀/၆၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၃၅/၆၄၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၁၀/၆၁၅ ကျပ်

***၂၅-၇-၂၀၁၇ ရက်နေ့မှ ၃၁-၇-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်း အရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၆၁၉ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၆၄၇ ကျပ်၊ ဒီဇယ် တစ်လီတာ ၆၁၉ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၅၀ ကျပ် ဖြစ်ပါသည်။*** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | | | |
|---|---|---|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၃၆၂.၀ | | (စ) အိန္ဒိယ | တစ်ရူပီး | = ၂၁.၂၁၅ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၆၁၀.၄ | | (ဆ) ဂျပန် | တစ်ရာယန်း | = ၁၂၃၃.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = ၂၀၂.၄၈ | | (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၂၁.၈၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၄၀.၉၂၆ | | (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၁၀၉၂.၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၃၁၈.၄၈ | | (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၁၀၀၄.၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# ရာသီတုပ်ကွေးရောဂါအကြောင်း အသိပညာပေးဟောပြော

**ရေနံချောင်း ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့တွင် ရာသီတုပ်ကွေးရောဂါ H1N1 အကြောင်း အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ခင်စန်းဝင်းက H1N1 ရောဂါကုသရန်၊ ကာကွယ်ရန်နှင့် ရောဂါလက္ခဏာများအကြောင်း ဟောပြောပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**ယောရွှေမာ(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်တွင်းရေးရာ

**(၁၃)ကြိမ်မြောက်မှ**

အုပ်ချုပ်ထောက်ပံ့မှု အဆင်ပြေချောမွေ့စေရန်လည်း အရေးကြီးပါကြောင်း၊ ဘာသာရပ်ပိုင်းဆိုင်ရာကိစ္စရပ်များတွင် အေဆမ်မိတ်ဖက်နိုင်ငံများအကြား ထိရောက်စွာညှိနှိုင်းသွားရန်လိုအပ်ကြောင်း၊ သို့မှသာအေဆမ်မိတ်ဖက်နိုင်ငံများနှင့် အဖွဲ့အစည်းအားလုံးလက်ခံနိုင်သည့် ထိရောက်ကောင်းမွန်သောရလဒ်ကောင်းများ ထွက်ပေါ်လာမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များအောင်မြင်စွာဆောင်ရွက်နိုင်ရန် ကော်မတီအသီးသီးအကြား အသေးစိတ်ညှိနှိုင်းဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးကျင်းပရေးဆပ်ကော်မတီ၊ အတွင်းရေးမှူးရုံးနှင့် ညှိနှိုင်းကွပ်ကဲရေးဆပ်ကော်မတီ၊ အခမ်းအနားများ ပြင်ဆင်ရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးနှင့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ မှန်ကန်မှုရှိစေရေးဆပ်ကော်မတီ၊ ကြိုဆိုရေးမှခ်ဦးများ၊ အလံများနှင့်ဆိုင်းဘုတ်များစိုက်ထူရေး၊ မီးအလှများထွန်းညှိရေးနှင့် အခြားလုပ်ငန်းများဆပ်ကော်မတီ၊ ဖျော်ဖြေရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးနှင့် လေ့လာရေးခရီးစဉ်စီစဉ်ပေးရေးကော်မတီ၊ သံတမန်ရေးရာကိစ္စရပ်များ ဆောင်ရွက်ရေးကော်မတီ၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ၊ 8th Model ASEM ကျင်းပရေးဆပ်ကော်မတီ၊ ပြန်ကြားရေး 11th ASEF Journalists' Seminar ကျင်းပရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီနှင့် နေပြည်တော်သာယာလှပရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တက္ကသိုလ်အကြံပေးအဖွဲ့များ၊ တက္ကသိုလ်ပညာရပ်အဖွဲ့များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ်၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy-CSA) များ၏ တက္ကသိုလ်အကြံပေးအဖွဲ့များ၊ တက္ကသိုလ်ပညာရပ်အဖွဲ့များ တွေ့ဆုံညှိနှိုင်းအစည်းအဝေး(၄/၂၀၁၇)ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ စုပေါင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် (၂၀၁၇-၂၀၂၀) [Civil Service Reform Strategic Action Plan for Myanmar (2017-2020)] ပါ Focus Area လေးခုဖြစ်သည့် နိုင်ငံ့ဝန်ထမ်း အုပ်ချုပ်မှုပုံစံသစ် (New Civil Service Governance)၊ အရည်အချင်းကို အခြေခံ၍ စွမ်းဆောင်ရည်ရှိမှုကို ဦးစားပေးသော အလေ့အထနှင့် စနစ်များ (Merit-based and Performance-drive Culture and Systems)၊ ပြည်သူဗဟိုပြုနိုင်ငံ့ဝန်ထမ်းများဖြစ်လာစေရန် ခေါင်းဆောင်မှုပေးနိုင်သည့် အရည်အသွေးများနှင့် စွမ်းဆောင်ရည်များကို မြှင့်တင်ခြင်း (People-centered Civil Service Leadership and Capacity Development)၊ နိုင်ငံ့ဝန်ထမ်းကဏ္ဍ၏ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု/တာဝန်ယူမှု (Transparency and Accountability in the Civil Service) တို့နှင့် ပတ်သက်သည့်စာတမ်းများ ဖတ်ရှုလေ့လာထားမှုအပေါ် ဌာနအလိုက် ပြန်လည်ရှင်းလင်းတင်ပြခြင်း၊ ယင်းတင်ပြချက်အပေါ် ဗဟိုဝန်ထမ်းတက္ကသိုလ် ပညာရေး၊ လေ့ကျင့်သင်ကြားရေးဆိုင်ရာကိစ္စရပ်များနှင့် ဆက်စပ်၍ တက္ကသိုလ်အကြံပေးအဖွဲ့ အဖွဲ့ဝင်များက အကြံပြုတင်ပြခဲ့ကြပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက တင်ပြချက်များနှင့်စပ်လျဉ်း၍ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဘူးသီးတောင်မြို့နယ်တွင် A(H1N1) pdm 09 ရာသီတုပ်ကွေးရောဂါ စောင့်ကြည့်စစ်ဆေးခြင်းနှင့် ပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ

**ဘူးသီးတောင် ဩဂုတ် ၁**

ဘူးသီးတောင်မြို့နယ်တွင် A(H1N1) pdm 09 ရာသီတုပ်ကွေးရောဂါကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံမှ ဆရာဝန်တစ်ဦးက ပြောကြားသည်။

စောင့်ကြည့်စစ်ဆေးခြင်းအနေဖြင့် အဖျားရောဂါပြင်းထန်မှု၊ နှာစေး၊ ချောင်းဆိုးပြင်းထန်မှု၊ အဆုတ်အအေးမိရောဂါ ပြင်းထန်မှုများကို စုံစမ်းစစ်ဆေးပြီး ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့အထိ အသက်ရှူလမ်းကြောင်းတွင်ဖြစ်ပွားသည့် ရောဂါများဖြစ်ပွားမှု မတွေ့ရှိရသေးကြောင်း၊ သို့သော် ပြည်သူများ မစိုးရိမ်ရအောင် ကျန်းမာရေးအသိပညာပေးခြင်းအနေဖြင့် ပိုစတာများ၊ ဗီနိုင်းများဖြင့် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံမှ ဒေါက်တာသန်းထွန်းကျော်က ပြောသည်။

"H1N1 ရောဂါဟာ ကာကွယ်လို့ရတဲ့၊ ကုသလို့ရတဲ့ ရောဂါဖြစ်ပါတယ်။ ဘာမှစိုးရိမ်စရာမလိုပါဘူး။ သံသယရှိတဲ့လူနာတွေကို စောင့်ရှောက်ကုသမှုပေးသွားမှာဖြစ်ပါတယ်" ဟု ဒေါက်တာသန်းထွန်းကျော်က ပြောသည်။

ဘူးသီးတောင်မြို့နယ်ပြည်သူ့ဆေးရုံသည် ခုတင် (၅၀)ဆံ့ ဆေးရုံဖြစ်ပြီး စုစုပေါင်း ကျန်းမာရေးဝန်ထမ်း ၁၅၇ ဦးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးနေသည့် ဆေးရုံတစ်ခုဖြစ်သည်။

ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံအနေဖြင့် ကာကွယ်၍ရသည့်ရောဂါများကို ကာကွယ်ဆေးထိုးပြီး ကာကွယ်ထိန်းချုပ်နိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် ပိုလီယိုရောဂါကာကွယ်ဆေးတိုက်ကျွေးမှုအနေဖြင့် နိုင်ငံတော်အစိုးရက ဇူလိုင် ၂၁ ရက်မှ ၂၅ ရက်ထိ တိုက်ကျွေးရန်သတ်မှတ်ထားသော်လည်း ဒေသအခြေအနေနှင့် လူဦးရေထူထပ်မှုကြောင့် ဇူလိုင် ၁၆ ရက်မှ စတင်တိုက်ကျွေးခဲ့သည့်အတွက် ရာနှုန်းပြည့်နီးပါးအောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သွေးလွန်တုပ်ကွေးကာကွယ်တားဆီးရေးလုပ်ငန်များ အနေဖြင့်လည်း ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ၊ ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးအနေဖြင့်လည်း တောင်ပေါ်ဒေသကျေးရွာများအထိ ခြင်ဆေးဖျန်းခြင်း၊ ဆေးစိမ်ခြင်ထောင်များ ပေးအပ်ခြင်းစသည့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။



ဒေါက်တာသန်းထွန်းကျော်

**သတင်းနှင့်ဓာတ်ပုံ- အေဝမ်းစိုး၊ မျိုးသူဟိန်း**

## မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် ဝန်ဆောင်မှုအသစ်အဖြစ် ကျပ်ငွေစာရင်းဖွင့်လှစ်ခြင်းအား လက်ခံဆောင်ရွက်ပေးမည်

**နေပြည်တော် ဩဂုတ် ၁**

မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သည် မိမိဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်နေသူ (Customer) များအား ဝန်ဆောင်မှုအသစ် (New Product) အဖြစ် ငွေစုဘဏ်ကျပ်ငွေစာရင်း (Saving Account) နှင့် ပုံသေအပ်နှံငွေကျပ်ငွေစာရင်း (Fixed Deposit Account)တို့ကို ဩဂုတ် ၁ရက်မှ စတင်၍ လက်ခံဆောင်ရွက်ပေးသွားမည် ဖြစ်သည်။ ကနဦးအပ်နှံငွေအဖြစ် ငွေစုဘဏ်စာရင်းတွင် ပုဂ္ဂလိကတစ်ဦးချင်းအတွက် ကျပ် ၁၀၀၀ ဖြင့်လည်းကောင်း၊ ပုံသေအပ်နှံငွေစာရင်းတွင် ပုဂ္ဂလိကတစ်ဦးချင်းအတွက် ကျပ် ၁၀၀၀၀၀၊ ကုမ္ပဏီအဖွဲ့အစည်းအတွက် ကျပ် ၁၀၀၀၀၀၀ တို့ဖြင့်လည်းကောင်း ဖွင့်လှစ်နိုင်သည်။ အပ်နှံငွေပေါ်တွင် ငွေစုဘဏ်စာရင်းပိုင်ရှင်များအတွက် တစ်နှစ်လျှင် အတိုးနှုန်း ရှစ်ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ပုံသေအပ်နှံငွေစာရင်းပိုင်ရှင်များအတွက် သုံးလအပ်နှံငွေပေါ်တွင် ၈ ဒသမ ၂၅ ရာခိုင်နှုန်း၊ ခြောက်လအပ်နှံငွေအပေါ်တွင် ၈ ဒသမ ၅၀ ရာခိုင်နှုန်း၊ ကိုးလအပ်နှံငွေပေါ်တွင် ၈ ဒသမ ၇၅ ရာခိုင်နှုန်း အတိုးနှုန်းဖြင့် အတိုးကို စာရင်းပိုင်ရှင်များ၏စာရင်းသို့ ထည့်သွင်းပေးမည်ဖြစ်သည်။

အသေးစိတ်အချက်အလက်များကို Hot line no. 01-372137,01-372138, 01-372139, Ext: 308 01-250400. 01-250698, 01-250707 သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးရှိ သံသယရှိလူနာနှစ်ဦး၏ နှာခေါင်းတွင်းရှိအရည်ကိုစစ်ဆေးရန် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲဌာနသို့ပို့ဆောင်

**မန္တလေး ဩဂုတ် ၁**

မန္တလေးအထွေထွေ ရောဂါကုဆေးရုံကြီးသို့ ဇူလိုင် ၃၁ ရက် ညတွင် ထပ်မံရောက်ရှိလာသည့် A (H1N1) သံသယရှိ လူနာနှစ်ဦး၏ နှာခေါင်းတွင်းရှိ အရည်ကိုစစ်ဆေးရန် ရန်ကုန်မြို့ရှိ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲဌာနသို့ ဆက်လက်ပို့ဆောင်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုလူနာနစ်ဦးရဲ့ နှာခေါင်းတို့ဖတ်ကိုစစ်ဆေးဖို့ ရန်ကုန်ကို ယနေ့ညနေပဲပို့ဆောင်မှာ ဖြစ်ပါတယ်။ စစ်ဆေးချက်ပေါ်မူတည်ပြီးမှ ရောဂါအဖြေကို ပြောနိုင်မှာဖြစ်ပါတယ်"ဟု အဆိုပါဆေးရုံကြီးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ အဆိုပါ သံသယရှိ လူနာနှစ်ဦးမှာ မြင်းမူမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့မှ အသက် (၂၅)နှစ်အရွယ်ခန့် အမျိုးသမီးနှစ်ဦးဖြစ်ပြီး ဇူလိုင် ၃၀ ရက်ကလည်း ရမည်းသင်းမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့မှ ရောက်ရှိလာသည့် သံသယရှိ လူနာနှစ်ဦးကို စစ်ဆေးခဲ့ရာ အဆိုပါ ရောဂါမရှိကြောင်း တွေ့ရှိရသည်။

ယခုတွေ့ရှိရသည့် သံသယရှိ လူနာနှစ်ဦးနှင့်ပတ်သက်၍ မန္တလေးမြို့တော် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာ ရဲလွင်ကလည်း "စုစုပေါင်းလေးဦးရှိသွားပါပြီ။ ဒီနေ့လူနာနှစ်ဦးစလုံး RDTA positive ပေမယ့် H1N1 negativeပါ။ အဖြေသိဖို့ သုံးရက်စောင့်ရပါမယ်။ + ve result ထွက်လာရင်တော့ လူများပြီး အချိန်ကြာကြာ ထိတွေ့မှုရှိတဲ့ ရုပ်ရှင်ရုံလိုနေရာမျိုး စပိတ်ရမှာပါ"ဟု ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားထားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**မြန်မာနိုင်ငံမှ**

အခြေချနေထိုင်ခွင့်မရှိသော ဗီဇာတစ်မျိုးမျိုးကိုင်ဆောင်၍ မြန်မာနိုင်ငံတွင် (၂)နှစ်အောက်မနည်း စဉ်ဆက်မပြတ် ဝင်/ထွက်သွားလာ နေထိုင်လျက်ရှိသော နိုင်ငံခြားသား ဇနီး (သို့မဟုတ်) ခင်ပွန်း၊ အဆိုပါ နိုင်ငံခြားသားများနှင့်အတူ တစ်ပါတည်းလိုက်ပါနေထိုင်လိုသော ယင်းတို့၏ တရားဝင် ဇနီး/ခင်ပွန်းနှင့် ယင်းတို့က မွေးဖွားသော တရားဝင်မွေးစားသော အသက် (၁၈) နှစ်အောက် အိမ်ထောင်မပြုရသေးသည့် နိုင်ငံခြားသား သားသမီးများ၊ ပြည်ပနိုင်ငံတစ်ခုခု၏ နိုင်ငံသားအဖြစ်ခံယူထားသော မြန်မာနိုင်ငံသားဟောင်းများ လျှောက်ထားနိုင်ကြောင်း သိရသည်။

နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လျှောက်ထားသူများသည် ပြည်ပနိုင်ငံအသီးသီးရှိ မြန်မာသံရုံး/ကောင်စစ်ဝန်ချုပ်ရုံး/အဖွဲ့ရုံးများနှင့် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ (၃၇)လမ်း အမှတ်(၁၁၁/၁၁၃)ရှိ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဌာနစိတ်တို့တွင် လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ ကာယကံရှင် ကိုယ်တိုင် လျှောက်ထားနိုင်ကြောင်းသိရသည်။

ထို့ပြင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ကနဦးလျှောက်ထားခြင်းအတွက် အမြဲနေထိုင်ခွင့် လျှောက်ထားခငွေ (ပြန်လည်ထုတ်ယူ၍မရ) အမေရိကန်ဒေါ်လာ ၅၀၀ ကို ပေးဆောင်ရမည်ဖြစ်ပြီး တစ်ပါတည်း ပူးတွဲလျှောက်ထားသည့် မိသားစုဝင်အတွက် အခငွေထပ်မံပေးဆောင်ရန်မလိုကြောင်းနှင့် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီမှ လူတွေ့အကဲဖြတ်စစ်ဆေးရန် အကြောင်းကြားပါက နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ လျှောက်ထားသူကိုယ်တိုင်လာရောက်ရမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီမှခွင့်ပြုကြောင်း အကြောင်းကြားစာကိုလက်ခံရရှိလျှင် အကြောင်းကြားသည့်နေ့ရက်မှ **ရက်ပေါင်း(၆၀)အတွင်း** သတ်မှတ်စာရွက်စာတမ်းများနှင့်အတူ ရန်ကုန်မြို့ရှိ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဌာနစိတ်တွင် နိုင်ငံခြားသားတစ်ဦးအတွက် တစ်နှစ်လျှင် အမေရိကန် ဒေါ်လာ ၁၀၀၀၊ မြန်မာနိုင်ငံသားဟောင်းတစ်ဦးအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၅၀၀၊ အသက်(၇)နှစ်မှ (၁၈)နှစ်အထိ တရားဝင်သားသမီး တစ်ဦးစီအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၃၀၀၊ အသက်(၇)နှစ်အောက် ကလေး(အခမဲ့)ဖြင့် သတ်မှတ်အခကြေးငွေပေး၍ လျှောက်ထားသူအပါအဝင် တစ်ပါတည်းလျှောက်ထားသူ မိသားစုဝင်များကိုယ်တိုင် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပြီး အမြဲနေထိုင်ခွင့်လက်မှတ်ထုတ်ယူခြင်းကို **သတ်မှတ်ရက် (၆၀)အတွင်း** ဆောင်ရွက်ခြင်းမရှိပါက ထိုနေ့မှစ၍ **ရက်ပေါင်း(၁၂၀)အတွင်း** အကောင်အထည်ဖော်ရေးဗဟိုကော်မတီသို့ ခိုင်လုံသောအကြောင်းပြချက်ဖြင့် တင်ပြလျှောက်ထားရမည်ဖြစ်ကြောင်းသိရသည်။

နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ရရှိသူသည် ကနဦးငါးနှစ်နေထိုင်ခွင့်ရရှိမည်ဖြစ်ပြီး ငါးနှစ်အတွင်း တစ်နှစ်လျှင်တစ်ကြိမ် သက်တမ်းပြန်လည်အတည်ပြုရမည်ဖြစ်ကြောင်း၊ ထိုသို့ သက်တမ်းပြန်လည်အတည်ပြုရာတွင် သက်တမ်းမပြည့်မီ ရက်ပေါင်း(၆၀)အတွင်း လျှောက်လွှာနှင့်အတူ ကာယကံရှင်ကိုယ်တိုင် ရန်ကုန်မြို့ရှိ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဌာနစိတ်တွင် လာရောက်လျှောက်ထားရမည်ဖြစ်ပြီး ငါးနှစ်ပြည့်ပါက ထပ်မံ၍ တစ်ကြိမ်လျှင် ငါးနှစ်သက်တမ်းတိုးလျှောက်ထားနိုင်ကြောင်း၊ ထို့ပြင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ရရှိသူသည် လျှောက်ထားစဉ်က ဖော်ပြပါရှိသည့် မြန်မာနိုင်ငံ၏ နေရပ်လိပ်စာပါမြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးတွင် အထောက်အထား စာရွက်စာတမ်းများနှင့်အတူ အိမ်ထောင်စုလူဦးရေစာရင်းထုတ်ယူရန် ကာယကံရှင်ကိုယ်တိုင် လျှောက်ထားရယူရမည်ဖြစ်ပြီး နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လက်မှတ် ပျောက်ဆုံးပျက်စီးခြင်း၊ ယခင်အချက်အလက်များ ပြောင်းလဲပြင်ဆင်ဖြည့်စွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ရန်ကုန်မြို့ရှိ နိုင်ငံခြားသားအမြဲနေထိုင်ခွင့် ဌာနစိတ်နှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးများတွင် လျှောက်ထားဆောင်ရွက်ရမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ပြည်ပနိုင်ငံအသီးသီးရှိ သက်ဆိုင်ရာ မြန်မာသံရုံးများတွင်လည်းကောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရုံးအမှတ်(၄၈) နေပြည်တော် ဖုန်း- ၀၆၇-၄၃၁၅၀၀၊ ၀၆၇-၄၃၁၅၁၅ တို့သို့လည်းကောင်း၊ ဝန်ကြီးဌာန၏ Website ဖြစ်သည့် www.mip.gov.mm တို့တွင်လည်းကောင်း မေးမြန်းဆက်သွယ်ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**(သတင်းစဉ်)**

ကြေးမုံ



## လေကြောင်းစီးနင်း တိုက်ခိုက်မှုကြောင့် ဆီးရီးယား၌ အရပ်သား ၆၀ သေဆုံး

**ဒမတ်စကတ် ဩဂုတ် ၁**
ဆီးရီးယားနိုင်ငံ အရှေ့ပိုင်းရှိ ဒီယာအယ်လ်ဇောပြည်နယ်တွင် အမေရိကန်ဦးဆောင်သည့် လေကြောင်းစီးနင်းတိုက်ခိုက်မှုကြောင့် အရပ်သား ၆၀ ထက်မနည်းသေဆုံးခဲ့ရကြောင်း ဆီးရီးယား နိုင်ငံပိုင် ဆာနားသတင်းဌာနက ဩဂုတ် ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ဒီယာအယ်လ်ဇောပြည်နယ်အတွင်းရှိ ကျေးရွာအချို့နှင့် မြို့များတွင် ဩဂုတ် ၁ ရက်သို့ ကူးပြောင်းပြီး နာရီအနည်းငယ် အကြာတွင် အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းလေတပ်ဖွဲ့က စီးနင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း ဆာနားသတင်းဌာနက ဖော်ပြသည်။

အမေရိကန် ဦးဆောင်သော ညွန့်ပေါင်းလေတပ်၏ ကျူးကျော်တိုက်ခိုက်မှုကြောင့် ပြည်သူ ၆၀ ထက်မနည်း သေဆုံးခဲ့ရာတွင် ကလေးငယ်များနှင့် အမျိုးသမီးများ အများစုပါဝင်သည်။

ဒီယာအယ်လ်ဇော ပြည်နယ်၏ ကျေးလက်ပိုင်းရှိ ဘူကာမေးလ်မြို့ရှိ ဆေးရုံတစ်ရုံနှင့် ကလပ်တစ်ခုတို့ တိုက်ခိုက်ခံခဲ့ရပြီး အမျိုးသမီးများနှင့် ကလေးများအပါအဝင် လူခြောက်ဦး သေဆုံးခဲ့သည်။ ယင်းတိုက်ခိုက်မှုအပြီး ၄၈ နာရီ မပြည့်မီတွင် လေကြောင်းတိုက်ခိုက်မှု ထပ်မံဖြစ်ပွားခဲ့ပြီး လူအချို့ ထိခိုက်ဒဏ်ရာရခဲ့သည်။

အမေရိကန် ဦးဆောင်သည့် ညွန့်ပေါင်းလေတပ်ဖွဲ့က ယင်းသို့ စီးနင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဆီးရီးယားနိုင်ငံ မြောက်ဘက်ပိုင်းရှိ အိုင်အက်စ် စစ်သွေးကြွစခန်းများအား အမေရိကန်ဦးဆောင်သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ညွန့်ပေါင်းတပ်ဖွဲ့များက ၂၀၁၄ ခုနှစ်ကတည်းက တိုက်ခိုက်နေခြင်းဖြစ်သည်။

အမေရိကန် ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့များ ဖျက်သိမ်းပေးရန် ကုလသမဂ္ဂလုံခြုံရေး ကောင်စီအား ဆီးရီးယားအစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနက တောင်းဆိုထားသည်။

**ဆင်ဟွာ။**

## ကမ္ဘောဒီးယားနိုင်ငံ အန်ကောဝပ် နယ်မြေအတွင်း ရှေးဟောင်းရုပ်တုကြီးတစ်ခုကို ရှာဖွေတွေ့ရှိ

**ဖနောင်ပင် ဩဂုတ် ၁**
ကမ္ဘောဒီးယားနိုင်ငံ အနောက်မြောက်ပိုင်း ဆီအမ်ရိပြည်နယ်ရှိ အန်ကောဝပ်ရှေးဟောင်းသုတေသနဥယျာဉ်အတွင်းရှိ ရှေးဟောင်းဆေးရုံတစ်ရုံတည်ရှိရာ နယ်မြေအတွင်း တူးဖော်မှုပြုလုပ်စဉ် အရွယ်အစား ကြီးမားလှသော ရှေးဟောင်းရုပ်တုကြီးတစ်ခုကို



ရှာဖွေတွေ့ရှိရကြောင်း တာဝန်ရှိသူတစ်ဦးက ဩဂုတ် ၁ ရက်တွင် ပြောကြားသည်။

အက်ဆာရာအာဏာပိုင်အဖွဲ့နှင့် စင်ကာပူနိုင်ငံရှိ အရှေ့တောင်အာရှ လေ့လာရေးသိပ္ပံမှ သုတေသီများပါဝင်သော အဖွဲ့တစ်ဖွဲ့သည် အလျား ၁ ဒသမ ၉ မီတာ၊ ဖြက် ၅၈ စင်တီမီတာရှိ ရုပ်တုတစ်ခုကို ဇူလိုင် ၂၉ ရက်က ရှာဖွေတွေ့ရှိခဲ့ကြောင်း အန်ကောရှေးဟောင်းသုတေသန ဥယျာဉ်ရေးရာများကို စီမံခန့်ခွဲနေသည့် အက်ဆာရာအာဏာပိုင်အဖွဲ့၏ ဆက်သွယ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူး လောင်ကိုဆာက ပြောကြားသည်။

အဆိုပါ ရုပ်တုမှာ ၁၂ ရာစု နှောင်းပိုင်းသို့မဟုတ် ၁၃ ရာစု အစောပိုင်းက ပြုလုပ်ခဲ့သည့် ရုပ်တုတစ်ခုအဖြစ်ယူဆရကြောင်း၊ သတ္တမမြောက် ဂျာယာဝါမင်ဘုရင်စိုးစံတော်မူချိန်ကာလအတွင်း တည်ဆောက်ခဲ့သည့် အန်ကောခေတ်လက်ရာ ဆေးရုံဟောင်းတစ်ရုံကို တူးဖော်လျက်ရှိစဉ် အဆိုပါ ရုပ်တုကို ရှာဖွေတွေ့ရှိရခြင်းဖြစ်ကြောင်း လောင်ကိုဆာက ပြောကြားသည်။

ယင်းရုပ်တု၏ လက်မောင်းများနှင့် ခြေထောက်များမှာ ပြတ်တောက်လျက်ရှိပြီး ရှေးဟောင်းဆေးရုံ၏ ဝင်ပေါက်တွင် အစောင့်ရုပ်တုအဖြစ်ထားရှိခဲ့သည့် ရုပ်တုအဖြစ်ယူဆရကြောင်း၊ မြေအောက် စင်တီမီတာ ၄၀ ခန့်အကွာတွင် ယင်းရုပ်တုရှိနေခဲ့ပြီး သုတေသီများ ရှာဖွေတွေ့ရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

**ဆင်ဟွာ။**

## စစ်ပွဲလက်ကျန်ပုံးများ ဖယ်ရှားရေး လာအို တိုက်တွန်း

**ဗီယန်ရှင်း ဩဂုတ် ၁**
လာအိုနိုင်ငံအတွင်း၌ ယခုနှစ်အထိ မပေါက်ကွဲဘဲ ကျန်ရှိနေသော စစ်လက်နက်ပစ္စည်းများ ပေါက်ကွဲမှုကြောင့် လူ ၂၃ ဦးထက်မနည်း သေဆုံး သို့မဟုတ် ထိခိုက်ဒဏ်ရာရမှု ဖြစ်ပွားခဲ့ကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြားကြသည်။ လာအိုနိုင်ငံတွင်းမှ မပေါက်ကွဲဘဲ ကျန်ရှိနေသည့် စစ်လက်နက်ပစ္စည်းများ (ယူအိတ်စ်အို) ရှင်းလင်းဖယ်ရှားနိုင်ရေးအတွက် နိုင်ငံတကာမှ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ပေးရန် ၎င်းတို့က တိုက်တွန်းကြကြောင်း ယနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အတွဲလိုက် ပေါက်ကွဲစေတတ်သည့် ကလပ်စတာဗုံးများ ဖျက်သိမ်းရေး သဘောတူညီချက်စာချုပ် အာဏာသက်ဝင်မှု ခုနစ်နှစ်သက်တမ်း ပြည့်မြောက်သည့် ဩဂုတ် ၁ ရက်၏ အကြိုနေ့ရက်တွင် အစိုးရတာဝန်ရှိသူများက အထက်ပါအတိုင်း တိုက်တွန်းခြင်းဖြစ်သည်။ လာအိုနိုင်ငံတွင် ၂၀၁၆ ခုနှစ်အတွင်း မပေါက်ကွဲဘဲ ကျန်ရှိနေသည့် စစ်လက်နက်ပစ္စည်းများ ပေါက်ကွဲမှုကြောင့် သေဆုံး သို့မဟုတ် ဒဏ်ရာရသူ ၅၉ ဦးရှိခဲ့သည်။

**ဆင်ဟွာ။**

## လာမည့် နှစ် ၂၀ အတွင်း လေယာဉ်အစင်း ၂၁၀၀ အိန္ဒိယ ဝယ်ယူမည်ဟု ဘိုးရင်းကုမ္ပဏီမျှော်မှန်း

**နယူးဒေလီ ဩဂုတ် ၁**
အိန္ဒိယလေကြောင်းဌာနများသည် လာမည့်နှစ် ၂၀ အတွင်း အမေရိကန်ဒေါ်လာ ဘီလီယံ ၂၉၀ ဖိုးရှိ လေယာဉ်သစ် အစင်း ၂၁၀၀ အထိဝယ်ယူမည်ဟု မျှော်လင့်ရ ကြောင်း၊ အာရှဒေသ၏ တတိယအင်အား အကြီးဆုံးစီးပွားရေးတည်ရာ အိန္ဒိယနိုင်ငံ အနေဖြင့် ကာလအတိုင်းအတာတစ်ရပ် အတွင်း မကြုံစဖူးထူးထူးကဲကဲ လေယာဉ်အများဆုံး ဝယ်ယူခြင်းအဖြစ် ခန့်မှန်းရကြောင်း ဘိုးရင်းကုမ္ပဏီက ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် အလျင်မြန်ဆုံး တိုးတက်နေသည့် မြို့ပြလေကြောင်းဈေးကွက်များအနက် ဈေးကွက်တစ်ခုအဖြစ် ပါဝင်သည်။ ယင်းနိုင်ငံ၏ ပြည်တွင်းခရီးသွားညှော့သည်ဦးရေမှာ လွန်ခဲ့သည့် နှစ်အနည်းငယ်ကာလအတွင်း တစ်နှစ်လျှင် ၂၀ ရာခိုင်နှုန်းကျော် တိုးတက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံ၌ ခရီးသွားဦးရေတိုးပွား




လာရခြင်းမှာ နိုင်ငံခြားငွေလဲလှယ်နှုန်း ခိုင်မာခြင်း၊ စက်သုံးဆီဈေးနှုန်းကျဆင်းခြင်း၊ လေယာဉ်လက်မှတ်ခ ဈေးချိုသော လေကြောင်းဌာနများ တိုးပွားလာခြင်းနှင့်အတူ မြို့ပြလေကြောင်းဈေးကွက် ဖွံ့ဖြိုးလာခြင်းကြောင့်ဖြစ်ကြောင်း အမေရိကန်ဘိုးရင်းကူးသန်းရောင်းဝယ်ရေး လုပ်ငန်းသုံးလေယာဉ်များရောင်းချရေးဆိုင်ရာ အာရှ-ပစိဖိတ်နှင့် အိန္ဒိယဌာနခွဲ၏ ဒုတိယဥက္ကဋ္ဌ ဒီနက်ရှ် ကက်စ်ခါက ပြောကြားသည်။

လာမည့်နှစ် ၂၀ အတွင်း အထူးအားဖြင့် အိန္ဒိယနိုင်ငံဖြစ်သည့် တောင်အာရှဒေသ၌ လေကြောင်းခရီးသည်ဦးရေ တိုးတက်မှုနှုန်းမှာ ရှစ်ရာခိုင်နှုန်းခန့်ရှိမည်ဟု ခန့်မှန်းရကြောင်း၊ ကမ္ဘာ့နိုင်ငံများ၏ အလားတူ တိုးတက်မှုနှုန်း ၄ ဒသမ ၇ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ကြည့်နိုင်ကြောင်း ခရီးသည်တင်ဂျက်လေယာဉ်များ ထုတ်လုပ်သည့် ကမ္ဘာ့ထိပ်တန်းကုမ္ပဏီကြီးဖြစ်သော ဘိုးရင်းကုမ္ပဏီက ပြောကြားသည်။

**ရိုက်တာ။**

## ဆိုရှယ်မီဒီယာ၌ စစ်သွေးကြွများအဖြစ်သို့ လှုံ့ဆော်သည့် ဖော်ပြချက်များ ဖယ်ရှားရေး ဗြိတိန်တိုက်တွန်း






**လန်ဒန် ဩဂုတ် ၁**
စစ်သွေးကြွများအဖြစ် ပြုမူလာစေရန် လှုံ့ဆော်ပေးနိုင်သည့် အကြောင်းခြင်းရာ ဖော်ပြချက်များအား လူမှုကွန်ရက်မီဒီယာ(ဆိုရှယ်မီဒီယာ) နှင့် အင်တာနက်ဝက်ဘ်ဆိုက်များမှ ဖယ်ရှားနိုင်ရေးအတွက်ကြိုးပမ်းဆောင်ရွက်ရန် ဗြိတိန်ပြည်ထဲရေးဝန်ကြီး အမ်ဘာရုဒ်က အမေရိကန် 'ဆီလီကွန်ဗယ်လီ' ခရီးစဉ်အတွင်း တိုက်တွန်းပြောကြားမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၁ ရက်တွင် ရေးသားဖော်ပြသည်။

ဗြိတိန်နိုင်ငံ၌ ယခုနှစ်အတွင်း စစ်သွေးကြွများ၏ထိခိုက်မှုဖြစ်စဉ်လေးခုကြောင့် လူပေါင်း ၃၆ ဦး သေဆုံးခဲ့ရပြီးနောက် အစွန်းရောက်မှုနှင့် အကြမ်းဖက်မှုတို့ကို အားပေးသည့် အကြောင်းခြင်းရာ ဖော်ပြချက်များအား လူမှုကွန်ရက်မီဒီယာစာမျက်နှာများပေါ်မှ ရှင်းလင်းဖယ်ရှားနိုင်ရေးအတွက် ကြိုးပမ်းရန် ဗြိတိန်အစိုးရအဖွဲ့မှ အထက်တန်းဝန်ကြီးများက အင်တာနက်ဝန်ဆောင်မှုလုပ်ငန်း ကုမ္ပဏီများကို ထပ်တလဲလဲ တိုက်တွန်းခဲ့ကြသည်။

မြို့တော်လန်ဒန်တွင် ဇွန်လအတွင်းက လန်ဒန်တံတားပေါ် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီးနောက် အင်တာနက်အသုံးပြုခြင်းဆိုင်ရာ ဥပဒေစည်းမျဉ်းများ ထုတ်ပြန်ရန် ပြည်ထဲရေးဝန်ကြီးဟောင်းဖြစ်သူ ဝန်ကြီးချုပ် ထရေစာမေက အဆိုပြုခဲ့သည်။

အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့၌ ဩဂုတ် ၁ ရက်တွင် ကျင်းပမည့် တစ်ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ အင်တာနက်ဖိုရမ်ဆွေးနွေးပွဲသို့ ဗြိတိန်ပြည်ထဲရေးဝန်ကြီး အမ်ဘာရုဒ် တက်ရောက်မည်ဖြစ်ပြီး ဆိုရှယ်မီဒီယာနှင့် အင်တာနက်ဝန်ဆောင်မှုလုပ်ငန်း ကုမ္ပဏီများ၏ အမှုဆောင်အရာရှိချုပ်များနှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

ဖိုရမ်ဆွေးနွေးပွဲတွင် မိတ်ဖက်အဖွဲ့အစည်းများအဖြစ် ဖေ့စ်ဘွတ်ကုမ္ပဏီ၊ အယ်လ်ဖာဘက် အင်ကော်ပိုရိတ်တက်အောက်ရှိ ဂူဂဲလ်ကုမ္ပဏီ၊ မိုက်ခရိုဆော့ဖ်ကုမ္ပဏီနှင့် တွစ်တာကုမ္ပဏီတို့မှ အမှုဆောင်အရာရှိချုပ်များ ပါဝင်ဆွေးနွေးကြမည်ဆို၏။

အင်တာနက်ရှိ လူမှုကွန်ရက်မီဒီယာစာမျက်နှာများပေါ်မှ စစ်သွေးကြွများ ပေါ်ထွက်လာအောင် လှုံ့ဆော်ပေးသော အကြောင်းခြင်းရာ ဖော်ပြချက်များအား ရှင်းလင်းဖယ်ရှားသည့် လုပ်ငန်းတွင် အင်တာနက်ဝန်ဆောင်မှု ကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် အဆိုပါ ဖိုရမ်ဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်သည်။

**ရိုက်တာ။**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၁၆ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာကို လွှတ်တော်ကမှတ်တမ်းတင်

**နေပြည်တော် ဩဂုတ် ၁**

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၁၆ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ**ကို ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၁၅) ရက်မြောက်နေ့တွင် လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

အစီရင်ခံစာနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးသူငယ်များ ပါဝင်မှုနှင့် ပတ်သက်သည့် ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာ နောက်ဆက်တွဲ သဘောတူစာချုပ်ကို ကနဦးလက်မှတ်ရေးထိုးပြီးဖြစ်သော်လည်း အတည်ပြုပါဝင်ချုပ်ဆိုနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန်ရှိပါကြောင်း၊ လူအင်အားအရင်းပြု ကုန်ထုတ်လုပ်ငန်းများတွင် ကလေးသူငယ်များအပါအဝင် အလုပ်သမားများ၏ အခွင့်အရေးများ မဆုံးရှုံးစေရန်နှင့် လုပ်ငန်းခွင်လုံခြုံမှုရှိစေရန် အကြံပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် အတည်ပြုချုပ်ဆိုနိုင်ပါက လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ သဘောထားရပ်တည်ချက်သည် ခိုင်မာမှုရှိသည်ဟု နိုင်ငံတကာအသိုင်းအဝိုင်းက ရှုမြင်လာနိုင်ပါကြောင်းရှင်းလင်းဆွေးနွေးပြီး လူ့အခွင့်အရေးဆိုင်ရာဆွေးနွေးပွဲများ၊ ဟောပြောပွဲများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ထားရန် စီစဉ်ထားရှိမှု၊ လူမှုကွန်ရက်နှင့်အတူ မီဒီယာများနှင့်ပူးပေါင်း၍ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ခဲ့မှု၊ ၂၀၁၆ ခုနှစ်အတွင်း လူ့အခွင့်အရေးဆိုင်ရာ ပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့မှု၊ တိုင်ကြားချက်များအပေါ် ကွင်းဆင်းစစ်ဆေးထားရှိမှု အခြေအနေ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပတ်သက်သည့် တိုင်ကြားချက်များရရှိမှု၊ အကျဉ်းသား၊ အကျဉ်းသူများ ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု၊ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းများတွင် အကျဉ်းသား၊ အချုပ်သားများနှင့် သီးခြားတွေ့ဆုံစစ်ဆေးခဲ့မှု၊ ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ မြန်မာနိုင်ငံအပေါ် အကြံပြုတိုက်တွန်းချက်ရရှိမှု၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုလျော့ကျစေရန် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခဲ့မှုနှင့် CEDAW ကော်မတီသို့ပေးပို့သည့် ကော်မရှင်၏သီးခြားအစီရင်ခံစာ၌ ထည့်သွင်းဖော်ပြထားမှု အခြေအနေများ နှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း ရှေ့မှောက်၌ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများအဖြစ် ဦးစိုးမင်း၊ ဦးစိုးသိန်းနှင့် ဦးဘိုဘိုငယ်တို့ ကတိသစ္စာပြုကြစဉ်။

ယင်းအစီရင်ခံစာကို လွှတ်တော်ကမှတ်တမ်းတင်သည်။

ထို့ပြင် အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများအဖြစ် ဦးစိုးမင်း၊ ဦးစိုးသိန်းနှင့် ဦးဘိုဘိုငယ်တို့က ပြည်ထောင်စုလွှတ်တော်နာယက ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ဦးဆက်အောင်အား ခန့်အပ်တာဝန်ပေးအပ်ခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် **အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း**တို့ကို လွှတ်တော်က မှတ်တမ်းတင်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော **ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်း**နှင့် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော **တာတမံဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး အတည်ပြုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ကုန်စည်အချို့အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များ ကင်းလွတ်ခွင့်ပြုရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းဦးက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ အခွန်အကောက်ရငွေလျာထားချက်များအရ အခွန်အမျိုးအစားများအားလုံးအတွက် မူလခန့်မှန်းခြေသည် ၂၀၁၆-၂၀၁၇ မူလ ခန့်မှန်းခြေထက် ငွေကျပ်သန်းပေါင်း ၂၆၀၀၀၀ ခန့် ပိုမိုလျာထားသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ အထူးကုန်စည်ခွန်အတွက် ၂၀၁၇-၂၀၁၈ မူလခန့်မှန်းခြေသည် ၂၀၁၆-၂၀၁၇ မူလခန့်မှန်းခြေထက် ငွေကျပ်သန်း ၈၇၂၉၉ ဒသမ ၉၄၁ ပိုမိုလျာထားသည်ကို တွေ့ရှိရပါကြောင်း၊ ယခုဘဏ္ဍာနှစ်အတွင်း စိန်နှင့်မြတို့ကို အထူးကုန်စည်ခွန်မကျသင့်သည့် ကုန်စည်အဖြစ်သတ်မှတ်နိုင်ရေးဆောင်ရွက်ပါက နိုင်ငံတော်၏ အခွန်မူဝါဒများ၊ ပြည်ထောင်စု၏ အခွန်အကောက်ရငွေလျာထားချက်များနှင့် ကိုက်ညီမှုရှိရန်လိုအပ်မည်ဖြစ်ပါကြောင်း။

ထို့ပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နိုင်ငံတော်၏ လိုငွေသည် ဂျီဒီပီ၏ ၄ ဒသမ ၃၇ ရာခိုင်နှုန်းဖြစ်ပြီး အခွန်နှင့် ဂျီဒီပီ၏အချိုးမှာ ၇ ဒသမ ၁၀ ရာခိုင်နှုန်းရှိမည်ဖြစ်ကြောင်း၊ ယခုကိစ္စကို ဆောင်ရွက်ပါက နိုင်ငံတော်၏ လိုငွေ၊ အခွန်နှင့် ဂျီဒီပီ အချိုးတို့အပေါ် သက်ရောက်နိုင်မှုကို ကြိုတင်တွက်ချက်ထားရန် လိုအပ်ပါကြောင်း၊ တန်ဖိုးကြီးကုန်ပစ္စည်းများကို အခွန်ကင်းလွတ်ခွင့်ပေးခြင်းအားဖြင့် ရေရှည်တွင် မသမာမှုများ ဖြစ်ပေါ်လာနိုင်သည်ကို သတိပြုရမည်ဖြစ်ပါကြောင်း၊ စိန်နှင့် မြရတနာများသည် လူအများစု ဝယ်ယူသုံးစွဲနိုင်ခြင်းမရှိသည့် ကုန်ပစ္စည်းများဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်သူလူထုအများစုသုံးစွဲလျက်ရှိသည့် ကုန်စည်များအပေါ်တွင် ဥပဒေများပြဋ္ဌာန်းကာ အခွန်အမျိုးမျိုးကောက်ခံလျက်ရှိနေပြီး တန်ဖိုးမြင့် ကုန်ပစ္စည်းများအပေါ် အခွန်ကင်းလွတ်ခွင့်ပြုခြင်းသည် ပွင့်လင်းမြင်သာမှုနှင့် တရားမျှတမှုအပေါ် မေးခွန်းထုတ်စရာဖြစ်နေပါကြောင်း၊ ဒီမိုကရေစီ နိုင်ငံတစ်ခုသည် အစိုးရအသုံးစရိတ်နှင့် လည်ပတ်ငွေကို အခွန်မှရရှိသုံးစွဲရပြီး အလုပ်လက်မဲ့များပြားမှု၊ ဝင်ငွေမညီမျှမှု၊ လုပ်ငန်းများ၏ ရပ်တည်နိုင်စွမ်းစသည့် အခြေအနေများကြားတွင် အခွန်ပိုမိုရရှိစေရန်အတွက် နိုင်ငံတကာအဆင့်မီ အခွန်စနစ်တစ်ရပ်ကို ဖော်ဆောင်ရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးညဏ်ဟိန်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးနေကျော်၊ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၅) မှ ဦးတင်အောင်ထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)မှ ဦးမျိုးဝင်း၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ၊ ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်းနှင့် စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦးတို့က ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော **အစိုးရအောင်ဘာလေထီ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီက လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက်အစီရင်ခံစာကို ဦးထွန်းထွန်းဟိန်က ဖတ်ကြားတင်ပြရာ လွှတ်တော်က ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်များအတိုင်း ပြည်ထောင်စုအစိုးရသို့ ပြန်လည်ပေးပို့ရန် ဆုံးဖြတ်သည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြည်ထောင်စု၏ အရအသုံးစာရင်းများ စစ်ဆေးချက်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ရှင်းလင်းတင်ပြသည်။

ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက်အစီရင်ခံစာ(၉/၂၀၁၇)ကို ကော်မတီဝင် ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)က ရှင်းလင်းတင်ပြသည်။ အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**မျိုးမြင့်၊အေးအေးသန့်(သတင်းစဉ်)**

# နိုင်ငံတကာစက်မှုနည်းပညာတီထွင်မှု ပြပွဲနှင့်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁**

စက်မှုဝန်ကြီးဌာနနှင့် MPS လုပ်ငန်းတို့ပူးပေါင်း၍ ဒုတိယအကြိမ်မြောက် နိုင်ငံတကာနည်းပညာပြပွဲနှင့်ပြိုင်ပွဲကြီးကို နေပြည်တော်ရှိ MICC-2 ခန်းမတွင် ပြုလုပ်သွားမည့်အကြောင်း သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Central ဟိုတယ်၌ ပြုလုပ်သည်။**(အောက်ပုံ)**

ပြပွဲကျင်းပရခြင်းရည်ရွယ်ချက်မှာ နိုင်ငံတကာမှ နည်းပညာများနှင့်ထုတ်ကုန်များကို အစိုးရလုပ်ငန်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများတွင် ပိုမိုအသုံးပြုလာနိုင်စေရန် မိတ်ဆက်ပေးလိုခြင်းဖြစ်ပြီး ပုဂ္ဂလိကနည်းပညာလုပ်ငန်းများအနေဖြင့် အစိုးရဌာနများနှင့် အနာဂတ်တွင် ပိုမိုအကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်ဟု သိရသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများအပါအဝင် စက်မှုနှင့် နည်းပညာနယ်ပယ်အသီးသီးမှ ပညာရှင်များနှင့် ဝါသနာရှင်များ တက်ရောက်ကြသည်။ မြန်မာနိုင်ငံတွင် စက်မှုနည်းပညာကဏ္ဍ ပိုမိုတိုးတက်လာစေရန် ဒုတိယအကြိမ် ထပ်မံကျင်းပခြင်းဖြစ်ပြီး စက်မှုဝန်ကြီးဌာန၏ လက်အောက်မှ စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန(DIC)၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန(DISI)၊ အကြီးစားစက်မှုလုပ်ငန်း ၁၊၂၊၃ နှင့် မြန်မာ့ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများမှ ထုတ်ကုန်များနှင့် လုပ်ငန်းဆောင်ရွက်မှုများကို နေပြည်တော်ရှိ ဌာနဆိုင်ရာများနှင့် အများပြည်သူများက နည်းပညာနှင့်ထုတ်ကုန်လုပ်ငန်းများကို လေ့လာဝယ်ယူနိုင်ရန် ခင်းကျင်းပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် စက်မှုဝန်ကြီးဌာနကကြီးမှူး၍ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ ပံ့ပိုးကူညီမှုဖြင့် အဆင့်မြင့်နည်းပညာအသုံးချမှုများ စက်မှုနှင့်နည်းပညာဆိုင်ရာ ထုတ်ကုန်များ ပိုမိုတိုးတက်လာစေရန် တီထွင်ဖန်တီးမှုနည်းပညာပြိုင်ပွဲ “ကနောင်ဆု” (Inventor Award) ကို ပြပွဲကာလအတွင်း ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ပြပွဲကို ဩဂုတ် ၂၅ ရက်မှ ၂၇ ရက်အထိ ခင်းကျင်း ပြသသွားမည်ဖြစ်သည်။ **သတင်းနှင့်ဓာတ်ပုံ-ဇာဏီ**



# မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် ဂျပန်နိုင်ငံ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ တို့ပူးတွဲကျင်းပသည့် ကလေးစာပေပြိုင်ပွဲ ဆုရရှိသူများထုတ်ပြန်ကြေညာ

**ရန်ကုန် ဩဂုတ် ၁**

အာရှနိုင်ငံများအတွင်း လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေသော ဂျပန်နိုင်ငံ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (Shanti Volunteer Association - SVA) နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း (Myanmar Writers Association- MWA) တို့ ပူးတွဲပြီး မြန်မာနိုင်ငံရှိ ကလေးများစာဖတ်ရှိန်မြှင့်တင်ရေးနှင့် အရည်အသွေးမြင့်မားသည့် ကလေးစာပေများ ထွက်ပေါ်နိုင်ရေးရည်ရွယ်၍ ကလေးစာပေပြိုင်ပွဲကို “မြတ်နိုးချစ်ခင်ပတ်ဝန်းကျင်” ဆောင်ပုဒ်ဖြင့် ကျင်းပခဲ့သည်။

ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများမှာ အသက် (၃)နှစ်မှ (၅)နှစ် အရွယ်ကလေးများဖတ်ရှုရန်အတွက် ပန်းချီဇာတ်လမ်း သရုပ်ဖော်စာမူပြိုင်ပွဲတွင် ဒေါ်ဥမ္မာကြူ (ဥမ္မာကြူ) ရေးဆွဲသရုပ်ဖော်သည့် “မြတ်နိုးချစ်ခင်ပတ်ဝန်းကျင်” စာမူက ပထမ၊ အသက် (၆)နှစ်မှ (၈)နှစ်အရွယ်ကလေးများဖတ်ရှုရန်အတွက် ပန်းချီဇာတ်လမ်းသရုပ်ဖော် စာမူပြိုင်ပွဲတွင် ထွန်းထွန်းဝင်း ရေးဆွဲသရုပ်ဖော်သည့် “မြတ်နိုးချစ်ခင် ပတ်ဝန်းကျင်” စာမူက ပထမ၊ အသက် (၉)နှစ်မှ (၁၁)နှစ်အရွယ်ကလေးများ ဖတ်ရှုရန်အတွက် ပန်းချီဇာတ်လမ်းသရုပ်ဖော်စာမူပြိုင်ပွဲတွင် ဦးမောင်မောင်ဦး (MGU) ရေးဆွဲ သရုပ်ဖော်သည့် “မြတ်နိုးချစ်ခင်ပတ်ဝန်းကျင်” စာမူကပထမဆုကို ရရှိကြောင်းနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံ စာရေးဆရာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆုရရှိသည့် စာမူများကို စာအုပ်အဖြစ်လည်းကောင်း၊ ရုပ်ပြပန်းချီကားချပ်အဖြစ်လည်းကောင်း ပုံနှိပ်ထုတ်ဝေပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှတစ်ဆင့် နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များသို့ ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၁၇)ပြဋ္ဌာန်း

မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၇)
(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၉ ။)
၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ (၂၀၁၇) ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ ပုဒ်မ ၃-က တွင် -

(က) ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(1) Notwithstanding anything contained in any other laws except the Nay Pyi Taw Development Law, in the case of instruments (conveyance, gift and mortgage-deed) affecting immovable property situated wheresoever in the whole of the Republic of the Union of Myanmar, proper stamp duties charged by Articles 23, 33 and 40 (a) respectively of Schedule I annexed to this Act shall be increased by an additional stamp duty of 2 per centum for a consideration equal to the market-value of the property so situated."

(ခ) ပုဒ်မခွဲ(၂) တွင်ပါရှိသော "The Ministry of Finance of the Union Government" ဆိုသည့် စကားရပ်ကို "The Ministry of Planning and Finance of the Union Government" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "to the Township Development Funds" ဆိုသည့်စကားရပ်ကို "to the respective Region or State Funds" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ နောက်ဆက်တွဲဇယား ၁၊ အမှတ်စဉ် (၁၅) တွင်ပါရှိသော "one and a half per centum" ဆိုသည့်စကားရပ်ကို "0.5 per centum" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အမှတ်စဉ် (၂၃) တွင်ပါရှိသော "Three per centum" ဆိုသည့်စကားရပ်ကို "Two per centum" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အမှတ်စဉ် (၃၅) (ဂ) တွင်ပါရှိသော "kyat 600"ဆိုသည့် စကားရပ်ကို "kyat 300" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အမှတ်စဉ် (၆၂) တွင်ပါရှိသော "0.3 per centum" ဆိုသည့်စကားရပ်ကို "0.1 per centum" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေပြဋ္ဌာန်း

ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ
(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၀ ။)
၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်များ**

၁။ ဤဥပဒေကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ရေနံ** ဆိုသည်မှာ ဟိုက်ဒရိုကာဗွန်အရောအနှောဖြစ်သော ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာ (Fossil Fuel) များကို ဆိုသည်။ ယင်းစကားရပ်တွင် ရေနံစိမ်း(Crude Oil)၊ လေဆီ (Condensate) နှင့် သဘာဝဓာတ်ငွေ့ (Natural Gas) စသည်တို့ ပါဝင်သည်။

(ဂ) **ရေနံထွက်ပစ္စည်း** ဆိုသည်မှာ ရေနံအားချက်လုပ်ခြင်းမှ ထွက်ရှိလာသည့် ပစ္စည်းတစ်မျိုးမျိုးကို ဆိုသည်။ ယင်းစကားရပ်တွင် ဓာတ်ဆီ၊ ဓာတ်ပျံဆီ၊ ဒီဇယ်ဆီ၊ လေယာဉ်ဆီ၊ ရေနံဆီ၊ မီးထိုးဆီ၊ စက်ဆီ၊ ချောဆီ၊ ဖိအားမြင့် သဘာဝဓာတ်ငွေ့ (Compressed Natural Gas-CNG)၊ သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas-LNG)၊ ရေနံဓာတ်ငွေ့ရည် (Liquefied Petroleum Gas-LPG)၊ ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးနှင့်ရောစပ်ထားသော ဇီဝလောင်စာဆီများ၊ ဖယောင်း၊ ကတ္တရာစသည်တို့နှင့် ရေနံထွက်ပစ္စည်းအဖြစ် အခါအားလျော်စွာ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့် ပစ္စည်းများပါဝင်သည်။

(ဃ) **မီးလောင်မှတ် (Flash Point)** ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းမှ အငွေ့ဖြစ်ပေါ်ပြီး ပြင်ပမှတစ်နည်းနည်းဖြင့် မီးကူးစက်သည့်အခါ မီးလောင်ကျွမ်းမှုချက်ချင်းဖြစ်ပေါ်စေနိုင်သည့် အနိမ့်ဆုံးအပူချိန်ကို ဆိုသည်။

(င) **ဘေးအန္တရာယ်ရှိသောရေနံ (Dangerous Petroleum)** ဆိုသည်မှာ မီးလောင်မှတ် ၇၆ ဒီဂရီဖာရင်ဟိုက် သို့မဟုတ် ၂၄. ၄၄ ဒီဂရီစင်တီဂရိတ်နှင့် ယင်းအောက်နိမ့်သော အပူချိန်တွင် အလွယ်တကူ မီးကူးလောင်နိုင်သည့် ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို ဆိုသည်။

(စ) **ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်း** ဆိုသည်မှာ ရေနံနှင့် ရေနံထွက်ပစ္စည်းများအား ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြတ်သန်းသယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားခြင်း၊ ချက်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ စစ်ဆေးခြင်း၊ စမ်းသပ်ခြင်းစသည့်လုပ်ငန်းများကို ဆိုသည်။

(ဆ) **ပြည်တွင်းသို့ တင်သွင်းခြင်း** ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို မြန်မာနိုင်ငံအတွင်းသို့ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း၊ ပိုက်လိုင်းစသည့်နည်းလမ်း တစ်ရပ်ရပ်ဖြင့် တင်သွင်းခြင်းကို ဆိုသည်။

(ဇ) **ပြည်ပသို့တင်ပို့ခြင်း** ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို ပြည်ပသို့ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း၊ ပိုက်လိုင်းစသည့် နည်းလမ်းတစ်ရပ်ရပ်ဖြင့် တင်ပို့ခြင်းကို ဆိုသည်။

(ဈ) **သယ်ယူပို့ဆောင်ခြင်း (Transportation)** ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို မြန်မာနိုင်ငံအတွင်း တစ်နေရာမှ အခြားတစ်နေရာသို့ နည်းလမ်းတစ်ရပ်ရပ်ဖြင့် သယ်ယူပို့ဆောင်ခြင်းကို ဆိုသည်။

(ည) **ဖြတ်သန်းသယ်ယူခြင်း (Transit)** ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို မြန်မာနိုင်ငံနယ်နိမိတ်ကိုဖြတ်၍ နည်းလမ်း တစ်ရပ်ရပ်ဖြင့် ဖြတ်သန်းသယ်ယူခြင်းကို ဆိုသည်။

(ဋ) **သိုလှောင်ခြင်း** ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို သတ်မှတ်ချက်များနှင့်အညီ နေရာတစ်ခုခုတွင် ထားသိုခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သော လမ်းကြောင်းဖြင့် သယ်ယူနေစဉ်အတွင်း ခေတ္တထားသိုခြင်း မပါဝင်။

(ဌ) **ချက်လုပ်ခြင်း** ဆိုသည်မှာ ရေနံကို ရေနံထွက်ပစ္စည်း တစ်မျိုးမျိုး ရရှိရန် နည်းစဉ်တစ်ရပ်ရပ်ဖြင့် ချက်လုပ်ခြင်း သို့မဟုတ် ရောနှော ခြင်း သို့မဟုတ် ပြုပြင်ပြောင်းလဲခြင်းကို ဆိုသည်။

(ဍ) **လက်ဝယ်ထားခြင်း** ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်၏ စီမံခန့်ခွဲမှု အောက်တွင် ထားရှိခြင်းကို ဆိုသည်။

(ဎ) **ဖြန့်ဖြူးရောင်းချခြင်း** ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက် ပစ္စည်းကို အဖိုးစားနားဖြင့် လွှဲပြောင်းခြင်းကို ဆိုသည်။

(ဏ) **စစ်ဆေးခြင်း** ဆိုသည်မှာ ရေနံနှင့် ရေနံထွက်ပစ္စည်းများ၏ အရည် အသွေးနှင့်အခြင်အတွယ်ကို စစ်ဆေးခြင်း၊ ယင်းလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စစ်ဆေးခြင်း၊ နည်းပညာပိုင်းဆိုင်ရာ စစ်ဆေးခြင်းကို ဆိုသည်။

(တ) **စမ်းသပ်ခြင်း** ဆိုသည်မှာ ဤဥပဒေအရ ရေနံနှင့်ရေနံထွက်ပစ္စည်းများ ကိုစမ်းသပ်ခြင်းကို ဆိုသည်။

(ထ) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်သည့် နေရာတစ်ခုခုကို စစ်ဆေးရန်နှင့်ထိုနေရာ တွင် တွေ့ရှိသည့် ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို နမူနာ ယူပြီး စမ်းသပ်ရေးအရာရှိထံသို့ ပေးပို့ရန်အတွက် ဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန်၍ တာဝန်ပေးအပ်ထားသောအဖွဲ့ကို ဦးဆောင်သည့် ရေနံလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူအရာရှိကို ဆိုသည်။

(ဒ) **စမ်းသပ်ရေးအရာရှိ** ဆိုသည်မှာ ရေနံနှင့်ရေနံထွက်ပစ္စည်းများကို အရည်အသွေး စမ်းသပ်ရန်အတွက် ဝန်ကြီးဌာနသည် အမိန့် ကြော်ငြာစာထုတ်ပြန်၍ တာဝန်ပေးအပ်ထားသော ရေနံနှင့် ရေနံထွက်ပစ္စည်း၊ အရည်အသွေးစမ်းသပ်ခြင်းဆိုင်ရာ ကျွမ်းကျင် သူ၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည်။

(ဓ) **စက်အားသုံးယာဉ်၊ စက်ယန္တရား** ဆိုသည်မှာ ဤဥပဒေအရ စက်အားရရှိရန် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို အသုံးပြုသည့် ယာဉ်၊ စက်ယန္တရားကို ဆိုသည်။

(န) **လိုင်စင်** ဆိုသည်မှာ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်း တစ်ခုခုကို ဆောင်ရွက်ရန်အလို့ငှာ ဤဥပဒေပုဒ်မ ၇၊ ပုဒ်မ ၈၊ ပုဒ်မ ၉ နှင့် ပုဒ်မ ၁၀ တို့အရ ထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။

(ပ) **ဂါလန်** ဆိုသည်မှာ ဗြိတိသျှစနစ်ဖြင့် ထုထည်ကို တိုင်းတာသည့် ယူနစ်ဖြစ်ပြီး တစ်ဂါလန်တွင် ၄. ၅၄၆ (လေးဒသမငါးလေးခြောက်) လီတာရှိသည်။

(ဖ) **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဌာနကိုဆိုသည်။

(ဗ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာနမှတစ်ပါး ဤဥပဒေပါ ပြည်ထောင်စုအဆင့်ရှိ အခြားဝန်ကြီး ဌာနတစ်ခုခုကို ဆိုသည်။

(ဘ) **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကို ဆိုသည်။

(မ) **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စု အစိုးရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(ယ) **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကို ဆိုသည်။

(ရ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနကို ဆိုသည်။

(လ) **ဝန်ကြီး** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဝ) **ကော်မတီ** ဆိုသည်မှာ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်း များ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီကို ဆိုသည်။

**အခန်း (၂)**
**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများကို ဥပဒေပြဋ္ဌာန်း ချက်များ၊ သတ်မှတ်ထားသော စံချိန်စံညွှန်းများ၊ လုပ်ထုံးလုပ်နည်း များ၊ စည်းကမ်းချက်များနှင့်အညီ စနစ်တကျဆောင်ရွက်စေရန်၊

(ခ) ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများကို ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေဘဲ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ဆောင်ရွက်နိုင် စေရန်၊

(ဂ) ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွတ်လပ်၍ မျှတသော ဈေးကွက်ယှဉ်ပြိုင်မှု ဖြစ်ထွန်းပေါ်ပေါက် စေရန်၊

(ဃ) နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်နှင့် စွမ်းအင်လုံခြုံရေး အာမခံ ချက်ရှိစေရန်၊

(င) နိုင်ငံတော်အတွက် အခွန်အခများရရှိစေရန်။

**အခန်း (၃)**
**ကော်မတီဖွဲ့စည်းခြင်း**

၄။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ စနစ်တကျ ထိန်းသိမ်းကြီးကြပ်ကွပ်ကဲနိုင်ရန်အတွက် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များအပါအဝင် အဖွဲ့ဝင်အများဆုံး ၁၅ ဦးဖြင့် ဖွဲ့စည်းရမည်။

၅။ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနအလိုက် တာဝန်ခံ ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ခ) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ရေနံနှင့်ရေနံထွက်ပစ္စည်း ဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီများ ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ ဖွဲ့စည်းစေခြင်း၊ လုပ်ငန်းတာဝန်များ သတ်မှတ် ဆောင်ရွက်စေခြင်းနှင့် လိုအပ်ပါက ထပ်ဆင့်ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ခြင်း၊

(ဂ) ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်း ဆောင်ရွက်ရာတွင် လွယ်ကူမြန်ဆန်မှုရှိစေရန်အတွက် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဃ) ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများကို ဤဥပဒေနှင့်အညီ လုပ်ကိုင်စေရေးအတွက် ထိန်းသိမ်းကြီးကြပ်ခြင်း၊

(င) ရေနံနှင့်ရေနံထွက်ပစ္စည်းများကို သတ်မှတ်ထားသောစံချိန်စံညွှန်း၊ အရည်အသွေး၊ အခြင်အတွယ် ပြည့်မီမှန်ကန်မှုရှိစေရေး ထိန်းသိမ်းကြီးကြပ်ခြင်း၊

(စ) တည်ဆဲဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ၊ သက်ဆိုင်ရာအမိန့်နှင့် ညွှန်ကြားချက်များကို ဖြစ်စေ၊ လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ် ကိုဖြစ်စေ လိုက်နာဆောင်ရွက်ခြင်းမရှိသော ရေနံနှင့်ရေနံထွက် ပစ္စည်းဆိုင်ရာလုပ်ငန်းလုပ်ကိုင်သူများအား လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

(ဆ) လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်း မှုရှိစေရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေရေး အတွက် လမ်းညွှန်ကြီးကြပ်ခြင်း။

၆။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်ပါက ကော်မတီကိုပြင်ဆင်ဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များကို ပြင်ဆင် ခြင်း၊ တိုးချဲ့သတ်မှတ်ခြင်းနှင့် ပယ်ဖျက်ခြင်းများ ပြုလုပ်နိုင်သည်။

**(ဆက်လက်ဖော်ပြပါမည်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

**နေပြည်တော် ဩဂုတ် ၁**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr. Yohei SASAKAWA ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံသို့ အလုပ်သဘော ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှထွက်ခွာသွားသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်ပိုနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Tateshi Higuchi စစ်သံမှူး Col. Kei TAJIKA နှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် တပ်မတော်အရာရှိများ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသည်။

ချစ်ကြည်ရေးခရီးစဉ်အတွင်း ဂျပန်နိုင်ငံအစိုးရ၊ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေး တပ်ဖွဲ့များ၏ ပူးတွဲစစ်ဦးစီးချုပ်နှင့် (ကြည်း၊ ရေ၊ လေ) စစ်ဦးစီးချုပ်များကို တွေ့ဆုံဆွေးနွေးခြင်းနှင့် ဂျပန်နိုင်ငံရှိ ယဉ်ကျေးမှုနှင့် စက်မှုလုပ်ငန်းများအား ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ စစ်ဦးစီးချုပ်ဖြစ်သူ General Shigeru IWASAKI ၏ ဖိတ်ကြားချက်အရ ၂၀၁၄ ခုနှစ်တွင် ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ယခုအကြိမ်သည် ဒုတိယအကြိမ်မြောက် သွားရောက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မုံရွာဆေးရုံကြီး၌သေဆုံးသွားသော ဒီပဲယင်းမြို့နယ် ကျည်ရွာမှ လူနာတွင် H1N1 ရာသီတုပ်ကွေးရောဂါပိုး မတွေ့ရကြောင်း အဖြေပြန်ကြားချက်အရ သိရ

**မုံရွာ ဩဂုတ် ၁**

မုံရွာပြည်သူ့ဆေးရုံကြီးသို့ ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁ နာရီကျော်က ဒီပဲယင်းမြို့နယ် ကျည်ရွာမှ ရောက်ရှိလာသော လူနာသည် ဆေးရုံရောက်ပြီး ၄ နာရီခန့်အကြာတွင် သေဆုံးသွားရာ ၎င်း၏နှာခေါင်းတို့ဖတ်ကို ပေးပို့စစ်ဆေးခဲ့ရာ ဇူလိုင် ၃၁ ရက် ည ၉ နာရီခန့်က H1N1 ရာသီတုပ်ကွေးပိုးမတွေ့ရကြောင်း အဖြေပြန်ကြားလာသည်ဟု စစ်ကိုင်းတိုင်းဒေသကြီး ကုသရေးဦးစီးမှူး မုံရွာပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအေးငြိမ်းထံမှ သိရသည်။

"ဒီပဲယင်းမြို့နယ် ကျည်ရွာမှာနေတဲ့ အသက် (၁၈)နှစ်ရှိတဲ့ မောင်စိုးသူရဇော်ရဲ့ နှာခေါင်းတို့ဖတ်ကို ဇူလိုင် ၂၉ ရက် ညနေ ၃ နာရီခွဲမှာ ရန်ကုန်မြို့ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနကို ပေးပို့စစ်ဆေးခဲ့ပါတယ်။ ဇူလိုင် ၃၁ ရက် ည ၉ နာရီလောက်မှာ နေပြည်တော်ကနေ အီးလ်မေးနဲ့ သတင်းပို့ပါတယ်။ အဖြေက H1N1 ရာသီတုပ်ကွေးပိုးမတွေ့ဘူးလို့ ပြန်ကြားလာပါတယ်။ လောလောဆယ် ဒီလူနာသေဆုံးမှုဟာ ရာသီတုပ်ကွေး H1N1နဲ့ ဆက်စပ်မှုမရှိဘူးလို့ ပြောရမှာပါ"ဟု စစ်ကိုင်းတိုင်းဒေသကြီး ကုသရေးဦးစီးမှူး မုံရွာပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအေးငြိမ်းက ပြောကြားသည်။

လက်ရှိတွင် H1N1နှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးကိုယ်တိုင် ဦးဆောင်ကာ တိုင်းဒေသကြီး၊ ပြည်နယ်ကျန်းမာရေး ဦးစီးမှူးများပါဝင်သော ဗဟိုဦးစီးကော်မတီများဖွဲ့၍ နေ့စဉ် ဆေးရုံများ၊ ပြင်ပဆေးရုံများ၊ ဆေးခန်းများတွင် ရာသီတုပ်ကွေးနှင့်ပတ်သက်၍ တုပ်ကွေးလက္ခဏာ ဖြစ်နေသည့် သံသယလူနာများကို သတင်းပို့ရန် ဆောင်ရွက်နေကြောင်း ဒေါက်တာအေးငြိမ်းထံမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၏ အဓိက တရားဝင်နယ်စပ်မြို့ဖြစ်သည့် တမူးမြို့တွင် သက်ဆိုင်ရာမြို့နယ်ဆရာဝန်ကြီးများနှင့် အဖွဲ့က နယ်စပ်ဝင်ပေါက်မှ ဝင်ထွက်သွားလာနေသူများကို ကျန်းမာရေးစောင့်ကြည့်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာ ၂၄၅ ဦးရှိပြီး

## Seasonal Influenza A(H1N1) pdm 09 positive လူနာ ၇၆ ဦးရှိ

## သေဆုံးသူအရေအတွက် ထပ်မံတိုးလာခြင်းမရှိ

**နေပြည်တော် ဩဂုတ် ၁**

ဇူလိုင် ၂၁ ရက်မှ ယနေ့မွန်းလွဲ ၂ နာရီအထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရရှိသောရောဂါဖြစ်ပွားမှုအချက်အလက်များအရ လတ်တလော ပြင်းထန် အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ စုစုပေါင်းလူနာ ၂၄၅ ဦးရှိပြီး ၎င်းတို့အနက် Seasonal Influenza A (H1N1) pdm 09 positive လူနာစုစုပေါင်း ၇၆ ဦး၊ သေဆုံးသူ ၁၂ ဦးရှိကြောင်း၊ ထို့ကြောင့် လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်သူများတွင် သေဆုံးမှုနှုန်းမှာ ၄ ဒသမ ၈ ရာခိုင်နှုန်းဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ ထုတ်ပြန်ချက်အရ သိရှိရသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် လတ်တလောဖြစ်ပွားနေသော ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1) pdm 09 နှင့်ပတ်သက်၍ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခြင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကာကွယ်ထိန်းချုပ်ခြင်း၊ ကုသမှုပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၁ ရက် မွန်းလွဲ ၂ နာရီမှ ဩဂုတ် ၁ ရက် မွန်းလွဲ ၂ နာရီအထိ သံသယလူနာ ၃၂ ဦးကို ထပ်မံဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာ Seasonal Influenza A(H1N1) pdm 09 အတည်ပြုလူနာ ၁၄ ဦးတွေ့ရှိရပြီး သေဆုံးလူနာမရှိကြောင်း၊ ယနေ့အထိရရှိခဲ့သော သတင်းပို့ချက်များအရ လူနာများနှင့် တိုက်ရိုက်ထိတွေ့ရသော ကျန်းမာရေးဝန်ထမ်းများတွင် ရောဂါကူးစက်ခံရခြင်း မရှိကြောင်း။

လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါ လူနာများကို ရောဂါပျံ့နှံ့မှု လျင်မြန်စွာထိန်းချုပ်နိုင်ရန်အတွက် မြောက်ဥက္ကလာပမြို့နယ်ရှိ အထူးကုဆေးရုံ(ဝေဘာဂီ)တွင် ဦးစားပေးပို့ဆောင်ကုသပေးလျက်ရှိရာ ယနေ့ မွန်းလွဲ ၂ နာရီအထိ ရရှိသောဆေးရုံတက်ရောက်လူနာစာရင်းအရ Seasonal Influenza A (H1N1) pdm 09 အတည်ပြုလူနာ ၁၀ ဦး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် သုံးဦး စုစုပေါင်း လူနာ ၁၃ ဦး တက်ရောက်လျက်ရှိကြောင်း။

ယနေ့ နံနက် ၁၁ နာရီခွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဆောင်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်တွင်ကျင်းပရာ အစည်းအဝေးမှ ရောဂါပိုးတွေ့ရှိလူနာများကို သတ်မှတ်ဆေးရုံကြီးများတွင် ထားရှိကုသနိုင်ရေးနှင့် လူနာလွှဲပြောင်းမှုအသေးစိတ်အစီအစဉ်၊ ပိုးတွေ့လူနာများကို Tamiflu ဆေးဖြင့် ကုသမည့် သတ်မှတ်ချက်များ၊ လူနာများနှင့်တိုက်ရိုက်ထိတွေ့ရသောကျန်းမာရေးဝန်ထမ်းများအတွက် ကာကွယ်ထိုးဆေးများထိုးနှံခြင်း၊ လျှာဒါန်းသည့် ဆေးနှင့်ဆေးပစ္စည်းများကို စနစ်တကျအသုံးပြုကုသနိုင်ရေးနှင့် ဖြစ်ပွားမှုများနှင့်ပတ်သက်၍ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်မည့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့(RRT) ဖွဲ့စည်းဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၌လည်း ကျန်းမာရေးအသိပညာပေးဆွေးနွေးပွဲများကို နေ့စဉ်တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးအသိပညာပေးဆွေးနွေးပွဲများကို တက်ရောက်ခဲ့သူပြည်သူများကလည်း မိမိ၏မိသားစုနှင့် မိတ်ဆွေများအား ဆက်လက်ပြီး ဆင့်ပွားပညာပေးနိုင်ရေးတိုက်တွန်းပြောဆိုခဲ့ကြောင်း။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ရောဂါကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်များကို အရေးတယူ လိုက်နာဆောင်ရွက်သွားပါက ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုလျော့နည်းကျဆင်းသွားမည်ဖြစ်ကြောင်း၊ ရာသီတုပ်ကွေးဆန်သော လက္ခဏာများ၊ ပြင်းထန်ရာသီတုပ်ကွေးရောဂါလက္ခဏာများဖြစ်ပွားသည်ဟု ထင်မှတ်ပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ ချက်ချင်းသတင်းပေးပို့ဆေးကုသမှုခံယူပါက အသက်အန္တရာယ်ဆုံးရှုံးရမှုများမှ ထိရောက်စွာကာကွယ်နိုင်မည်ဖြစ်ကြောင်း။

ရောဂါဖြစ်ပွားမှုအခြေအနေ၊ ရောဂါကာကွယ်တားဆီးရေးနည်းလမ်းများနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ Myanmar CDC facebook စာမျက်နှာနှင့် နေ့စဉ်ထုတ်သတင်းစာများအပြင် ပြည်သူလူထုအတွင်း ကျယ်ပြန့်စွာသိရှိနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဆက်လက်သတင်းထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း ဖော်ပြထားသည်။ **(သတင်းစဉ်)**

# ထိုင်း-မြန်မာ ရုပ်ရှင်လုပ်ငန်းဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁**

မြန်မာနိုင်ငံရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ရုပ်ရှင်စက်မှုနည်းပညာနှင့် စက်ပစ္စည်းအကြောင်းအရာများ ရှင်းလင်းပြသဆွေးနွေးရန်အတွက် ထိုင်းနိုင်ငံမှ ရုပ်ရှင်လုပ်ငန်းထုတ်လုပ်သူများ၊ ပညာရှင်များက ထိုင်း-မြန်မာ ရုပ်ရှင်လုပ်ငန်းဆွေးနွေးပွဲ (Thai Films Delegation to Myanmar) ကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်း Novotel Max Yangon Hotel ၌ ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲကို ထိုင်းနိုင်ငံအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မြှင့်တင်မှုဗဟိုဌာန (Department of International Trade Promotion-DITP)မှ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်ပြီး ထိုင်းနိုင်ငံရှိထိပ်တန်းရုပ်ရှင်လုပ်ငန်းများ၊ TV Channel များနှင့် ဖျော်ဖြေရေးကုမ္ပဏီကြီး ၁၄ ခုမှ ၎င်းတို့၏လုပ်ငန်းနှင့်ဝန်ဆောင်မှုတို့ကို မြန်မာပြည်အတွင်းရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်းစီးပွားဖက်များထံ မိတ်ဆက်တင်ပြကာ လက်တွဲဆောင်ရွက်မှုများ ဆွေးနွေးလုပ်ကိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကုမ္ပဏီတစ်ခုစီ၏ ရုပ်ရှင်၊ ဖျော်ဖြေရေး၊ ထုတ်လုပ်ရေးလုပ်ငန်းများအတွက် ခေတ်မီနည်းပညာဝန်ဆောင်မှုများကို ပြခန်းစုစုပေါင်း ၁၄ ခန်းဖြင့် ခင်းကျင်းပြသထားမည်ဖြစ်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်လိုသည့် မြန်မာ့ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းရှင်များ အနေဖြင့် စိတ်တိုင်းကျလေ့လာဆွေးနွေးနိုင်မည်ဖြစ်သည်။

ဆွေးနွေးပွဲတက်ရောက်လိုသူများအနေဖြင့် ပြပွဲတာဝန်ခံ TTF(Yangon) ဖုန်း-၀၁-၃၉၂၅၇၉/၃၉၂၅၈၀၊ အီးမေးလ် bizmatch.expo@gmail.com, ttfeventorganizer@gmail.com သို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပြီး အခမဲ့တက်ရောက်ပါဝင်ဆွေးနွေးနိုင်ကြောင်း သိရသည်။

**(ခင်မောင်သော်)**



## ပြည်ထောင်စုဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၁/၂၀၁၇

**၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်**
**(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)**

### ပြည်ထောင်စုဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၅၊ ပုဒ်မခွဲ(ခ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ(က) တို့ပါ ပြဋ္ဌာန်းချက်များအရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းကို ယင်း၏ သဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ပြည်ထောင်စုဝန်ကြီးတာဝန် ပူးတွဲထမ်းဆောင်စေခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၂/၂၀၁၇

**၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်**
**(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)**

### ပြည်ထောင်စုဝန်ကြီးတာဝန် ပူးတွဲထမ်းဆောင်စေခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏တာဝန်ကိုပါ ယနေ့မှစ၍ ပူးတွဲထမ်းဆောင်စေလိုက်သည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မြန်မာနိုင်ငံဆိုင်ရာ ဗာတီကန်မြို့ပြနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဩဂုတ် ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် Archbishop Paul Tschang In-Nam အား ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗာတီကန်မြို့ပြနိုင်ငံ (Holy See) သံအမတ်ကြီး (Apostolic Nuncio)အဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည်။

Archbishop Paul Tschang In-Nam ကို ၁၉၄၉ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့တွင် ကိုရီးယားသမ္မတနိုင်ငံ၊ ဆိုးလ်မြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၇၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကိုရီးယားသမ္မတနိုင်ငံ၊ ချုံးဂျူမြို့၌ ခရစ်ယာန်ဘုန်းတော်ကြီးအဖြစ် ခံယူခဲ့ပြီး ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ရောမမြို့၌ ကက်သလစ်ဂိုဏ်းအုပ်ဘုန်းတော်ကြီး ဖြစ်လာခဲ့သည်။ Archbishop Paul Tschang In-Nam သည် ကိုရီးယားသမ္မတနိုင်ငံ၊ ဂွမ်ဂျူမြို့ရှိ ကက်သလစ်ဘာသာတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ပြီး ၁၉၈၅ ခုနှစ်တွင် ရောမမြို့ရှိ Pontifical Lateran တက္ကသိုလ်မှ ဓမ္မသင်းညီပြညာဆိုင်ရာပါရဂူဘွဲ့ ရရှိခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် St. Thomas တက္ကသိုလ်မှ ကာနွန်ဥပဒေဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ကို ရရှိခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် Holy See ၏ သံတမန်ရေးရာကျောင်းတက်ရောက်အောင်မြင်ခဲ့သည်။ ၁၉၈၅ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် Holy See ၏ သံတမန်ဝန်ထမ်းလောကသို့ စတင်ဝင်ရောက်ခဲ့ပြီး ၁၉၈၅ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ အယ်လ်ဆာဗေးဒိုး၊ အီသီယိုးပီးယား၊ ဆီးရီးယား၊ ပြင်သစ်၊ ဂရိနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့ရှိ ပုပ်ရဟန်းမင်းကြီး၏ ကိုယ်စားလှယ်သီတင်းသုံးရာ သံရုံးများ၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ Holy See သံအမတ်ကြီးအဖြစ်လည်းကောင်း၊ ၂၀၀၇ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ယူဂန်ဒါနိုင်ငံဆိုင်ရာ Holy See သံအမတ်ကြီးအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၂ ခုနှစ်မှ ယနေ့အထိ ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ Holy See သံအမတ်ကြီးအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံဆိုင်ရာ ပုပ်ရဟန်းမင်းကြီး၏ ကိုယ်စားလှယ်တော် (Apostolic Delegate)အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိသည်။

**(သတင်းစဉ်)**

## သဘာဝဘေး ကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်

**မိုးမိတ် ဩဂုတ် ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးကော်မတီက ကြီးကြပ်၍ သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုသရုပ်ပြပွဲကို ဇူလိုင် ၃၁ ရက်က မြရည်နန္ဒာကန်၌ ပြုလုပ်ခဲ့သည်။

ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် သရုပ်ပြခြင်းအစီအစဉ်များအဖြစ် ရော်ဘာဘုတ်ဖြင့် သရုပ်ပြခြင်း၊ ရေသန့်ဘူးခွံများဖြင့် သရုပ်ပြခြင်း၊ ကိုက် ၁၀၀ ကြိုးဖြင့် သရုပ်ပြခြင်း၊ ရေကြီးနစ်မြုပ်ရာဒေသသို့ အချိန်မီရောက်ရှိကယ်ဆယ်ခြင်း၊ ရေဘေးသင့်ဒေသမှ ပြည်သူများအား ရေဘေးကင်းလွတ်ရာဒေသသို့ ပို့ဆောင်ရွှေ့ပြောင်းခြင်း၊ ရေနစ်သူများအား ရှာဖွေကယ်ဆယ်ခြင်း၊ အသက်ကယ်နည်းစနစ်များ အသုံးပြု၍ကယ်တင်ခြင်း၊ ကြက်ခြေနီမောင်မယ်များက ရှေးဦးပြုစုခြင်း၊ လူနာတင်ယာဉ်ဖြင့် နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးခြင်း၊ ရေဘေးလွတ်လာသူများအား ယာယီကယ်ဆယ်ရေးစခန်းသို့ ပို့ဆောင်ခြင်း၊ ကယ်ဆယ်ရေးသမားများက ရေကူးစွမ်းရည်ပြသခြင်းတို့ကို ဇာတ်တိုက်သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

လေ့ကျင့်ရာတွင် မိုးမိတ်ခရိုင်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အတူ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ကစ္ဆပနဒီ(၂)အမြန်ရေယာဉ် မကြာမီ စတင်ပြေးဆွဲမည်

**စစ်တွေ ဩဂုတ် ၁**

ရခိုင်ပြည်နယ်တွင် ပြေးဆွဲနိုင်ရန် ဂျပန်နိုင်ငံမှ ပေးအပ်လှူဒါန်းသော ကစ္ဆပနဒီ(၂) ရေယာဉ်မှာ စစ်တွေမြို့သို့ ဇူလိုင် ၂၉ ရက်တွင် ရောက်ရှိခဲ့ပြီး ရခိုင်ပြည်နယ်အတွင်း မကြာမီစတင်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကစ္ဆပနဒီ(၂)ရေယဉ်မှာ ဇူလိုင် ၂၅ ရက်တွင် ကျောက်ဖြူမြို့မှတစ်ဆင့် စစ်တွေမြို့သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကျောက်ဖြူမြို့ကို ဇူလိုင်၂၅ ရက် ည ၇ နာရီခွဲလောက်ရောက်တယ်။ နောက်နေ့မှာ သင်္ဘောနဲ့အတူပါလာတဲ့ ဂျပန်နိုင်ငံက ကျွမ်းကျင်သူတွေက ရေချပေးခဲ့ကြတယ်။ ဇူလိုင်၂၉ ရက်မှာ စစ်တွေမြို့ကို ရောက်ပါတယ်။ ရေယာဉ်မြန်နှုန်းကတော့တစ်နာရီလျှင် ၂၅ မိုင်ရှိပြီး ခရီးသည် ၆၆ ဦး သယ်ယူပို့ဆောင်နိုင်မယ်"ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်း မန်နေဂျာဦးတင်ဝင်းက ပြောသည်။

ဆက်လက်၍ ၎င်းက"လောလောဆယ်တော့ စစ်တွေ-မြောက်ဦးခရီးစဉ်အတွက် လျာထားပါတယ်။ အတိအကျတော့ မဟုတ်သေးဘူး။ သတ်မှတ်ထားတာပါ၊ အချိန်ရတာနဲ့အမျှ အခြားခရီးစဉ်တွေ တိုးချဲ့ပြေးဆွဲသွားဖို့ရှိပါတယ်၊ ဈေးနှုန်းကတော့ အတတ်နိုင်ဆုံး အဆင်ပြေအောင် လုပ်ပေးသွားမယ်"ဟု ပြောသည်။

ရေယာဉ်စတင်ပြေးဆွဲမည့်ရက်ကို ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားရယူကာ ဒေသအခြေအနေနှင့်ကိုက်ညီသော ပြုပြင်မှုများပြုလုပ်ပြီး ပြေးဆွဲပေးမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း လိုအပ်လျက်ရှိသော ဒေသများအတွက် ဖြည့်စွက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တွင်ယခုပြေးဆွဲပေးမည့် ကစ္ဆပနဒီ(၂) ရေယာဉ်အတိုင်းအတာမှာ ၁၉ ဒသမ ၉၅ မီတာ × ၅ ဒသမ ၄ မီတာ × ၁ ဒသမ ၉ မီတာ၊ ရေစူးသုညဒသမ ၈၆ မီတာရှိပြီး အလူမီနီယံကိုယ်ထည်ဖြင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်း ဂျပန်နိုင်ငံမှလှူဒါန်းသည့် ရေယာဉ်သုံးစင်းတွင် ဒုတိယမြောက်ရေယာဉ်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်၊ ကော်မတီဝင်များရွေးချယ်

**သနပ်ပင် ဩဂုတ် ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဝင်များရွေးချယ်ပွဲကို ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် သနတ္တန်းကျေးရွာတွင် ဇူလိုင် ၂၉ ရက်က ရွာဦးဘုန်းကြီးကျောင်း၌ ကျင်းပသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်းက အဖွင့်အမှာစကားပြောကြားပြီး သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နီနီဝင်းက မြစိမ်းရောင်စီမံကိန်းဖြစ်ပေါ်လာပုံနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကော်မတီဝင် ခုနစ်ဦးကို မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ပြီး ၎င်းကော်မတီဝင် ခုနစ်ဦးကို မြို့နယ်ဦးစီးမှူးဒေါ်နီနီဝင်းက လိုက်နာရမည့် လုပ်ငန်း စည်းမျဉ်းစည်းကမ်းများကို ပြောကြားခဲ့သည်။

**လှမိုး(ပြန်/ဆက်)**

■

## National Energy Globe Award Myanmar

### ဆုလက်မှတ်နှင့် အိမ်သုံးဆိုလာစွမ်းအားမြှင့် မီးဖိုများပေးအပ်

**နေပြည်တော် ဩဂုတ် ၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနမှကျင်းပသည့် ရိုးစုံဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအသုံးပြုသူများအဖွဲ့သို့ National Energy Globe Award Myanmar ဆုလက်မှတ်နှင့် အိမ်သုံးဆိုလာစွမ်းအားမြှင့် မီးဖိုများပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရိုးစုံကျေးရွာအုပ်စု စိုက်ကွက်(၈)ရှိ ရှင်းလင်းဆောင်၌ ကျင်းပသည်။

ဆုပေးပွဲအခမ်းအနားတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က ဆုရရှိခြင်းအကြောင်းအရင်းများကို ရှင်းလင်းပြောကြားပြီး ရိုးစုံဒေသခံပြည်သူများအဖွဲ့သို့ National Energy Globe Award Myanmar ဆုလက်မှတ်အားပေးအပ်ရာ အဖွဲ့ကိုယ်စားအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းညွန့်က လက်ခံရယူသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အသုံးပြုသူအဖွဲ့ဝင် ၈၄ ဖွဲ့အား သစ်တောဌာနနှင့် တရုတ်နိုင်ငံ အမျိုးသားဖွံ့ဖြိုးရေးကော်မရှင်တို့ ပူးပေါင်းပေးအပ်သည့် စွမ်းအားမြှင့်မီးဖို ၈၄ လုံးနှင့် အိမ်သုံးဆိုလာလေးစုံပေးအပ်ပြီး ဥက္ကဋ္ဌ ဦးအုန်းညွန့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။




သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ Energy Globe Award ဆုအတွက် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် လျှောက်လွှာတင်သွင်းခဲ့ရာ ဆုချီးမြှင့်ရွေးချယ်ရေးအဖွဲ့က ရိုးစုံဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောအသုံးပြုသူများအဖွဲ့ကို ရွေးချယ်ခဲ့သဖြင့် ယခုကဲ့သို့ ရိုးစုံဒေသခံပြည်သူများအဖွဲ့သို့ ချီးမြှင့်ပေးအပ်ခြင်းဖြစ်သည်။

Energy Globe Award Myanmar ဆုကို ၁၉၉၉ ခုနှစ်မှစ၍ ဩစတြေးလျလူမျိုး စွမ်းအင်ပညာရှင်တစ်ဦးကစတင်ချီးမြှင့်ခဲ့ပြီး ယခုအခါတွင် ကျော်ကြားနေသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆုချီးမြှင့်မှုများမှ တစ်ခုအပါအဝင်ဖြစ်သည်။ Energy Globe Award ဆုအတွက် လုပ်ငန်းနယ်ပယ်(၆)ရပ်ဖြစ်သည့် ကမ္ဘာမြေထိန်းသိမ်းရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ရေကိုအကျိုးရှိစွာ အသုံးချရေးကဏ္ဍ၊ လေထုညစ်ညမ်းမှုလျှော့ချနိုင်ရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသည့် လူငယ်များ၏ စွန့်ဦးတီထွင်မှုကဏ္ဍနှင့် ပလတ်စတစ်ကို ရေရှည်အကျိုးရှိစွာအသုံးချနိုင်ရေးကဏ္ဍဟူ၍ သတ်မှတ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဆုကို လူပုဂ္ဂိုလ်တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းမှဖြစ်စေ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ဆုချီးမြှင့်ရာတွင် နိုင်ငံအဆင့်နှင့် ကမ္ဘာ့အဆင့်ဟူ၍ နှစ်မျိုးခွဲခြားပေးအပ်လျက်ရှိပြီး နိုင်ငံအဆင့်ဆုရရှိသူများကို နိုင်ငံတကာဆုအတွက် ဆန်ခါတင်အဆင့်တွင်ပါဝင်၍ ထပ်မံရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



ဩဂုတ် ၁ ရက်က ဆွစ်ဇာလန်နိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ်ဧည့်ခံပွဲကို ရန်ကုန်မြို့ရှိ Melia Yangon Hotel ၌ ကျင်းပရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးအား မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်သံအမတ်ကြီး H.E.Mr.Paul Rene' SEGER ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

❖ မြဝတီမှ

နောက်တစ်ခုက တရားမဝင်သွားနေတဲ့ အေးခဲကြက်သားတို့၊ ကြက်အရှင်သွားနေတဲ့ ကိစ္စတွေလည်းရှိပါတယ်။ အဲဒီကိစ္စတွေနဲ့ပတ်သက်လို့ ထိထိရောက်ရောက် ဖမ်းဆီးအရေးယူပြီးတော့ ကိုင်တွယ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရောဂါကြိုတင်ကာကွယ်ရေးအနေနဲ့ကတော့ အခုလို ဟောပြောပွဲတွေဆောင်ရွက်လျက်ရှိပြီး မွေးမြူရေးခြံတွေမှာလည်း ဇီဝလုံခြုံရေးဆိုင်ရာတွေကို စစ်ဆေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒေသခံပြည်သူတွေအနေနဲ့လည်း စိုးရိမ်ခြင်းမရှိပါနဲ့။ ရောဂါအမှန်တွေ့ရှိရင် အသိပေးထုတ်ပြန်ဆောင်ရွက်ပေးသွားမှာပါ။ ထူးခြားမှုတစ်စုံတစ်ရာရှိရင်လည်း အမြန်ဆုံးနီးစပ်ရာတာဝန်ရှိသူတွေနဲ့ ကျွန်တော်တို့ဌာနကို အမြန်ဆုံး သတင်းပေးစေလိုပါတယ်”ဟု ဒေါက်တာခိုင်စိုးဝင်းက ဆက်လက်ပြောကြားသည်။

**ထိန်လင်းအောင်(မြန်/ဆက်)**

**ဥတုရာသီ**
**တောကိုမိုး၏**




❍ ကျောဖုံးမှ

မြန်မာယူ-၂၂ အသင်းနှင့် Ryutsu အသင်းသည် ဒုတိယမြောက်ခြေစမ်းပွဲယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး ဇူလိုင် ၃၀ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ပထမခြေစမ်းပွဲတွင် လေးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့သည်။ မြန်မာယူ-၂၂ အသင်းသည် နောက်ဆုံးခြေစမ်းပွဲဖြစ်သောကြောင့် ကစားသမားသစ်များကို ပွဲထုတ်မလား၊ ရလဒ်ကောင်းရရှိရေးအတွက် အမာခံကစားသမားများကို ဆက်လက်အသုံးပြုမလားဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။ မြန်မာယူ-၂၂ အသင်းသည် ယခုခြေစမ်းပွဲပြီးဆုံးပါက ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်ချိန်တစ်ပတ်ကျော်သာ ရရှိတော့မည်ဖြစ်ပြီး အပြီးသတ်ပြင်ဆင်မှုများနှင့် အချောသပ်ရန်သာ ပြုလုပ်နိုင်တော့မည်ဖြစ်သည်။

မြန်မာယူ-၂၂ အသင်းအတွက် ယနေ့ ကစားမည့် ခြေစမ်းပွဲမှာ ဆီးဂိမ်းမတိုင်မီယှဉ်ပြိုင်ကစားသည့် ၁၀ ပွဲမြောက်ပွဲဖြစ်ပြီး ကိုးပွဲကစားထားရာတွင် ငါးပွဲနိုင်၊ လေးပွဲရှုံးနိမ့်ထားသည့် မြန်မာယူ-၂၂ အသင်းသည် နိုင်ငံတကာပြိုင်ပွဲများအဖြစ် KBZ Bank Cup လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ၊ အာရှယူ-၂၃ ခြေစစ်ပွဲတို့ ယှဉ်ပြိုင်ခဲ့ပြီး ခြေစမ်းပွဲများအဖြစ် MNL All-star၊ မလေးရှားယူ-၂၂ အသင်း၊ Ryutsu တက္ကသိုလ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားထားသည်။ မြန်မာယူ-၂၂ အသင်းသည် ယခုခြေစမ်းပွဲပြီးပါက ဆီးဂိမ်းပြိုင်ပွဲအတွက် အပြီးသတ် လူရွေးချယ်သွားမည်ဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# မြန်မာနိုင်ငံ လေကြောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအသင်း စတင်ဖွဲ့စည်း

**ရန်ကုန် ဩဂုတ် ၁**

မြန်မာနိုင်ငံ လေကြောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအသင်း စတင်ဖွဲ့စည်းခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် လေဆိပ်လမ်း လေကြောင်းသိပ္ပံ အစည်းအဝေးခန်းမ၌ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ လေကြောင်းဆိုင်ရာ လုပ်ငန်းနယ်ပယ်မှ အထူးဖိတ်ကြားထားသူများ၊ လေကြောင်းလိုင်းများမှ စီအီးအိုများ၊ အုပ်ချုပ်မှုဒါရိုက်တာများ၊ လေယာဉ်မှူးများ၊ အင်ဂျင်နီယာများ၊ လေယာဉ်အဖွဲ့သားများ၊ မြေပြင်ဝန်ဆောင်မှုအဖွဲ့များ၊ လေကြောင်းဖြင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ၊ သင်တန်းကျောင်းများနှင့် လေကြောင်းနှင့် ဆက်စပ်သည့် လုပ်ငန်းများမှ စိတ်ပါဝင်စားသူတို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါအသင်းသည် လွတ်လပ်သော၊ နိုင်ငံရေးအတွက်မဟုတ်သော၊ အမြတ်အစွန်းအတွက်မဟုတ်သော၊ အတတ်ပညာနှင့် လေကြောင်းဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်သော အစိုးရမဟုတ်သည့် အဖွဲ့အစည်း (NGO) ဖြစ်သည်။



အသင်းအနေဖြင့် နိုင်ငံတကာစံနှုန်းများနှင့်အညီ လေကြောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေကြောင်းလုပ်ငန်းနှင့် သက်ဆိုင်သော အသင်းသားများကို စုစည်း၍ ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ လုပ်ငန်းများ၏ သဘောသဘာဝများအပေါ်တွင်မူတည်၍ ကော်မတီအသီးသီး ဖွဲ့စည်းရန်၊ ကော်မတီများနှင့်အသင်းသားများ၏အစီရင်ခံစာနှင့် တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များကို လေ့လာသုံးသပ်၍ နိုင်ငံတော်အစိုးရ၏ သက်ဆိုင်ရာဌာနအသီးသီးနှင့် ဆက်သွယ်ဆောင်ရွက်ပေးနိုင်ရန် လေကြောင်းလုပ်ငန်းနယ်ပယ်၏ စံချိန်စံညွှန်း အဆင့်အတန်းများ မြင့်မား တိုးတက်လာစေရန်၊ လေကြောင်းလုပ်ငန်းနယ်ပယ်နှင့် ဆက်စပ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများ၊ ဘဝအသက်မွေးမှုလုပ်ငန်းများ၏ အခွင့်အလမ်းများ ချဲ့ထွင်ရန် အသင်းသားများထံသို့ သက်ဆိုင်သည့် သတင်းအချက်အလက်များနှင့် အများပြည်သူသို့ လေကြောင်းလုပ်ငန်းပညာရပ်ဆိုင်ရာ ဗဟုသုတများကို ဖြန့်ဝေပေးရန် နိုင်ငံတွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာမှ အေဂျင်စီများနှင့် ဆက်သွယ်၍ ပူးပေါင်းဆောင်ရွက်ရန်၊ အများပြည်သူတို့ ပါဝင်လာနိုင်ရန်အတွက် ဆက်သွယ်ရေးကွန်ရက်စနစ် တည်ဆောက်ရန်၊ လေကြောင်းလုပ်ငန်းနယ်ပယ်အတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးပံ့ပိုးကူညီဆောင်ရွက်ပေးရန်၊ ဘဝတစ်သက်တာ သင်ယူမှုအတွက် အထောက်အကူပြုနိုင်ရန် အစရှိသည့် ရည်ရွယ်ချက်များနှင့် ဖွဲ့စည်းထားကြောင်းသိရသည်။

စိတ်ပါဝင်စားသူများ ဖုန်း-၀၉-၄၂၁၀၀၀၁၁ နှင့် အီးမေးအမှတ် kml 1983.a@gmail.com သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဝမ်းတွင်းမြို့နယ်တွင် ယာမီးရှို့ရာမှ အမြောက်ကျည်ဆန်ဟောင်းများ ပေါက်ကွဲမှုဖြစ်ပွား

**မန္တလေး ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ဝမ်းတွင်းမြို့မရဲစခန်းအပိုင်တွင် ယာခင်းရှိအမှိုက်များအားမီးရှို့ရာမှ အမြောက်ကျည်ဆန်ဟောင်းများပေါက်ကွဲမှု ဇူလိုင် ၃၁ ရက် ည ၈ နာရီခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

သတင်းအရ မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက သွားရောက် စစ်ဆေးခဲ့ရာ ရိုးစုကျေးရွာအုပ်စု စွန်ချောင်းကျေးရွာနေ တောင်သူဦးလှမြင့်သည် တောင်ယာထဲတွင် မြေပဲစိုက်ပျိုးရန် ထွန်ယက်ထားသော မြေပေါ်တွင် အမှိုက်များအား မီးပုံရှို့ရာမှ ပေါက်ကွဲသံကြားသဖြင့် သွားရောက်ကြည့်ရှုခဲ့ရာ ယာကွက်အတွင်းမှ သံချေးတက်နေသော အမြောက်ကျည်ဆန်ဟောင်းများကို တွေ့ရှိခဲ့ပြီး ယာကွက်အတွင်းထပ်မံရှာဖွေခဲ့ရာ ထွန်စက်ဖြင့်ထွန်ထားသော ယာကွက်အတွင်းမှအရှည်တစ်ပေ၊ လုံးပတ် ၁၀ လက်မရှိ ထိပ်ဖူးချွန်ပြီး သံချေးတက်နေသော အမြောက်ကျည်ဆန်အဟောင်း ရှစ်လုံးကို ထပ်မံတွေ့ရှိခဲ့ပြီး အဆိုပါကျည်ဆန်ဟောင်းများကို ဝမ်းတွင်းမြို့မရဲစခန်းက စနစ်တကျ ထုပ်ပိုး၍ လက်နက်ခဲယမ်းတပ် (မိတ္ထီလာ) သို့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**



# လယ်ဝေးမြို့နယ်အတွင်း ရာသီတုပ်ကွေးဖြစ်ပွားမှုအခြေအနေနှင့် ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းများ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁**

ရာသီတုပ်ကွေးရောဂါဆိုင်ရာကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို ပြည်သူလူထုအတွင်း ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို ယနေ့တွင် လယ်ဝေးမြို့နယ် ခုတင်(၁၀၀)ဆံ့ဆေးရုံ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲနှင့် နေပြည်တော်ကောင်စီ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လယ်ဝေးမြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပခဲ့သည်။



အဆိုပါဆွေးနွေးပွဲတွင် ရာသီတုပ်ကွေးရောဂါ ဖြစ်ပွားမှု၊ ကူးစက်ပုံနှင့်ပြည်သူလူထုအတွင်း ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို တင်ပြဆွေးနွေးခဲ့သည်။

ထို့နောက်တက်ရောက်လာသူများက မရှင်းလင်းသည့်အချက်များကို ပြန်လည်ဆွေးနွေးခဲ့ပြီး လူမှုရေးအဖွဲ့အစည်းများသည် သက်ဆိုင်ရာအခြေခံကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ မိမိနှင့်မိသားစု၊ ပတ်ဝန်းကျင်ရှိပြည်သူများကို အသိပညာဖြန့်ဖြူးပေးသွားမည် ဖြစ်ကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်များ၊ စာသင်ကျောင်းများနှင့် သက်ကြီးရွယ်အိုများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝိုင်းဝန်းဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ လယ်ဝေးမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၊ နီးနွယ်ဌာနဆိုင်ရာဝန်ထမ်း ၁၄ ဦး၊ ပြင်ပဆေးကုခန်းဆရာဝန်ခြောက်ဦး၊ မြို့နယ်/ရပ်ကွက်အုပ်ချုပ်ရေးမှူးရှစ်ဦးနှင့် လူမှုရေးအသင်းအဖွဲ့များမှ ၅၀ စုစုပေါင်းတက်ရောက်သူ ၈၀ ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပညာရေးကို အထောက်အကူပြုစေမည့် Project Collaboration Rooms များ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ဖွင့်လှစ်

**ရန်ကုန် ဩဂုတ် ၁**

ပညာရေးတိုးတက်၍ ကျောင်းသားကျောင်းသူများ၏ ကိုယ်ရည်ကိုယ်သွေး အရည်အချင်းများပါ မြင့်မားလာစေရန်နှင့် အတူတကွပူးပေါင်းဆောင်ရွက်ခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်း၊ ပြန်လည်တင်ပြခြင်းများ ပါဝင်သည့်ရည်ရွယ်ချက်ဖြင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် Project Collaboration Rooms များ ဖွင့်လှစ်ထားရှိသွားမည်ဖြစ်ရာ ဖွင့်လှစ်ခြင်းအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းတွင် အဆိုပါကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံတွင် ပညာရေးအဆင့်အတန်းမြင့်မားစေရန်ရည်ရွယ်၍ ပညာရေးပြုပြင်ပြောင်းလဲမှုများကို တာဝန်ရှိသူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်အနေဖြင့်လည်း ပညာရေးပြုပြင်ပြောင်းလဲတိုးတက်ရေး၊ အနာဂတ်ရည်မှန်းချက်များဖြစ်သည့် ကျွမ်းကျင်ဘာသာစကားပညာရှင်များကို မွေးထုတ်ပေးရုံမကဘဲ အဲဒီဘာသာစကားနှင့် သက်ဆိုင်သည့်နိုင်ငံများ၏အကြောင်းကိုပါ နားလည်ကျွမ်းကျင်သော ပညာရှင်များဖြစ်ရန် ရည်မှန်းထားကြောင်းကို ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်က ပြောသည်။



"နိုင်ငံတကာမှာလည်း ဘာသာစကားတက္ကသိုလ်တွေမှာ ဘာသာစကားတတ်မြောက်ရုံမဟုတ်ဘဲ ဘာသာစကားနဲ့သက်ဆိုင်တဲ့နိုင်ငံအကြောင်းကိုပါ သိရှိနားလည်ရပါတယ်။ ဒီ Project Rooms နဲ့ပတ်သက်ပြီးတော့လည်း ဆရာ့အနေနဲ့ နိုင်ငံတကာကို ရောက်ရှိတဲ့အချိန်မှာ သူတို့ဆီမှာ ဒီလိုအခန်းမျိုးတွေရှိတယ်ဆိုတာကို သိခဲ့ရတယ်။ ကျောင်းသားတွေကလည်း ဒီလိုအခန်းတွေထဲမှာ အလုပ်လုပ်နေတယ်ဆိုတာကို တွေ့ခဲ့တယ်။ ပုံမှန်စာသင်ခန်းနဲ့မတူဘဲ ထဲထဲဝင်ဝင်ဆောင်ရွက်ကြတယ်။

"ဒီလိုအခန်းမျိုးတွေလုပ်ဖို့ စိတ်ကူးမိတယ်။ ဒီလိုအခန်းမျိုးတွေဖြစ်လာတဲ့အတွက်လည်း ပညာရေးပိုင်းမှာ ပိုမိုတိုးတက်လာမယ်။ အဓိကကတော့ ကျောင်းသား ကျောင်းသူတွေဟာ ဆရာ ဆရာမတွေရဲ့ သင်ကြားပို့ချမှုတစ်ခုတည်းနဲ့ မပြီးပြည့်စုံနိုင်ပါဘူး။ သူတို့ကိုယ်တိုင်လေ့လာဆည်းပူးဖို့လည်း လိုပါတယ်။ ဒီအခန်းတွေက ကျောင်းသား ကျောင်းသူတွေရဲ့ ကိုယ်တိုင်ဆောင်ရွက်မှုကို အထူးအလေးပေးထားတာဖြစ်တဲ့အတွက် ဒီအခန်းတွေကို အသုံးပြုခြင်းအားဖြင့် နည်းပညာပိုင်းဗဟုသုတတိုးတက်မှုတွေအပြင် ကိုယ်တတ်ချင်တာကို ကိုယ်တိုင်ဦးဆောင်ပြီး လုပ်ကိုင်နိုင်တဲ့သူတွေဖြစ်လာမှာပါ"ဟု ပါမောက္ခချုပ်က ပြောသည်။

Project Rooms အခန်းများတွင် ကျောင်းသား ကျောင်းသူများအနေဖြင့် ပြင်ပကမ္ဘာနှင့်ချိတ်ဆက်ခြင်းဖြစ်သည့် အင်တာနက်သုံးစွဲခြင်း၊ သုံးစွဲရာတွင်လည်း တစ်ဦးနှင့်တစ်ဦး ဆွေးနွေးတိုင်ပင်၍ ပူးပေါင်းဆောင်ရွက်ခြင်းများအပြင် ဆွေးနွေးမှုအပေါ်တွင် ရလာသောရလဒ်ကို ပြန်လည်တင်ပြခြင်းဖြင့် သုတေသနဆန်သော၊ အရည်အချင်းပြည့်ဝသော ကျောင်းသား ကျောင်းသူများ ဖြစ်လာမည်ဖြစ်သည်။

အဆိုပါ Project Rooms အခန်းနှစ်ခန်းကို ဂျာမန်ဘာသာနှင့် ပြင်သစ်ဘာသာ ကျောင်းသားဟောင်းနှစ်ဦးဖြစ်သည့် ဒေါက်တာသူရိန်နိုင်အောင်ဟိန်းနှင့် ဦးနိုင်လင်းသိန်း-ဒေါ်ခင်မာဝင်း မိသားစုတို့က လှူဒါန်းခြင်းဖြစ်ပြီး တစ်ခန်းလျှင် ကုန်ကျငွေ သိန်းတစ်ရာကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။ အခန်းတစ်ခန်းကို ကွန်ပျူတာ ရှစ်လုံးရှိပြီး ကျောင်းသား ကျောင်းသူများ တစ်ခန်းလျှင် နှစ်ဖွဲ့ခွဲ၍ အသုံးပြုနိုင်မည်ဖြစ်သည်။ သုံးစွဲချိန်ကိုလည်း တစ်ဖွဲ့ကို နှစ်နာရီသတ်မှတ်ထားကာ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်ကျောင်းမှ မည်သည့်ကျောင်းသား ကျောင်းသူမဆို သုံးစွဲနိုင်ပြီး နောက်ထပ် နှစ်ခန်းထပ်တိုးဖွင့်လှစ်သွားမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

အခမ်းအနားတွင် ပါမောက္ခချုပ်က အမှာစကားပြောကြားပြီး အလှူရှင် ကျောင်းသားဟောင်းနှစ်ဦးအား ဂုဏ်ပြုမှတ်တမ်းပေးအပ်ခြင်း၊ အလှူရှင်များက ကျေးဇူးတင်စကားပြောကြားခြင်းနှင့် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက Project Rooms အခန်းနှစ်ခန်းကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**သတင်း-အေးမင်းသူ**
**ဓာတ်ပုံ-ပေါက်ကြီး**

# ရေဝတီမြစ်ရေတိုက်စားမှုကြောင့် ကလေးငယ်များအား စိတ်ဓာတ်ခွန်အားမြှင့်တင်ပေး

**ပခုက္ကူ ဩဂုတ် ၁**

ပခုက္ကူမြို့နယ် ဆိတ္ခဝကျေးရွာအုပ်စု အနောက်သီရိကျေးရွာတွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် စေတီတော်ရေခဲပြီး မြစ်ကမ်းပါးပြိုကျနေရာ ရွှေ့ပြောင်းရမည့်ကျေးရွာ ဘုန်းကြီးကျောင်းနှင့် နေအိမ်အချို့အတွက် မြို့နယ်သဘာဝဘေးအန္တရာယ်လျှော့ချရေးအဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဒေသခံအရပ်ဘက်အဖွဲ့အစည်းများသည် ဇူလိုင် ၃၀ နံနက်ပိုင်းတွင် အနောက်သီရိကျေးရွာ သဘာဝဘေးလျှော့ချရေးနှင့် ပြန်လည်တည်ဆောက်ရေးအဖွဲ့ ဩဝါဒါစရိယဆရာတော် ဦးဝေပုလ္လိအမှူးပြုသော ကျေးရွာကော်မတီဝင်များထံ အလှူငွေများပေးအပ်လှူဒါန်းသည်။

ပခုက္ကူမြို့နယ် သဘာဝဘေးအန္တရာယ်လျှော့ချရေးအဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် အနာဂတ်အလင်းရောင်လူငယ်ဖွံ့ဖြိုးရေးအသင်း၊ ကြယ်စင်မောင်နှမ၊ ပုညမုဒိတာအသင်း၊ ပခုက္ကူလူငယ်ကွန်ရက်တို့ပူးပေါင်း၍ မုံရွာစီးပွားရေးတက္ကသိုလ်(ဝါဏိဇ္ဇဗေဒနှင့် စာရင်းကိုင်ပညာအထူးပြုကျောင်းသား ကျောင်းသူများ)၊ မုံရွာချမ်းမြေ့အိမ်ပရဟိတအသင်းတို့က အလှူငွေ စုစုပေါင်း ၁၃၂၅၀၀၀ ကို အနောက်သီရိကျေးရွာ သဘာဝဘေးလျှော့ချရေးနှင့် ပြန်လည်တည်ဆောက်ရေးအဖွဲ့ ဩဝါဒါစရိယဆရာတော် ဦးဝေပုလ္လိအမှူးပြုသော ကျေးရွာကော်မတီဝင်များထံ လှူဒါန်းကြသည်။

အဆိုပါအလှူရှင်အဖွဲ့အစည်းများသည် အနောက်သီရိကျေးရွာမြစ်ကမ်းပါးပြိုမှုများ ထပ်မံမဖြစ်ပေါ်စေရေးနှင့် မြစ်ကမ်းပါးပြိုကျမှုသက်သာစေရန်အတွက် သဲအိတ်ချရေကာတန်များ တည်ဆောက်ရေးလုပ်ငန်းများတွင် လုပ်အားပေးခြင်းနှင့် ကျေးရွာအတွင်းရှိ ကလေးငယ်များ စိတ်ခွန်အားတက်ကြွစေရန်အတွက် အလှူရှင်အဖွဲ့အစည်းများက ကလေးငယ်များစုပေါင်း၍ ကဗျာသီချင်းများ၊ အပြန်အလှန်သီဆိုခြင်း၊ အားပေးစကားပြောကြားခြင်း၊ ဂိမ်းကစားခြင်းများပြုလုပ်ပြီး ကလေးငယ်များအား စာရေးကိရိယာများလှူဒါန်းခဲ့ကြသည်။ **(ဆလိုင်းကိုကီး)**





# တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ်ပညာပေးရေး အစီအစဉ်ကျင်းပ

**နေပြည်တော် ဩဂုတ် ၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၏ တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ်ပညာပေးရေးအစီအစဉ် (CTME)ကို ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ခုတင် (၁၀၀) တိုင်းရင်းဆေးရုံ၌ကျင်းပရာ သဘာပတိ ခုတင်(၁၀၀)တိုင်းရင်းဆေးရုံ (နေပြည်တော်) ဆေးရုံအုပ်ကြီး(ငြိမ်း) ဆရာကြီးဦးဝေဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ခုတင်(၁၀၀)တိုင်းရင်းဆေးရုံ (နေပြည်တော်)မှ ဒုတိယတိုင်းရင်းဆေးမှူး ဆရာဦးအောင်သူနှင့် ဆရာမဒေါ်သင်းသင်းမိုးတို့က ထုံနာကျဉ်နာအကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် တက်ရောက်လာသူများက သိလိုသည်များကို စိတ်ဝင်စားစွာမေးမြန်းဆွေးနွေးရာ ဆရာကြီးဦးဝေဝင်းနှင့် ဆရာဦးအောင်သူတို့က ပြန်လည်ရှင်းလင်းဖြေကြားသည်။

တိုင်းရင်းဆေးပညာရှင်များ၏ စဉ်ဆက်မပြတ်ဆေးပညာသင်ကြားရေးကို အထောက်အကူပြုနိုင်ရန်အတွက် ဝိုင်းဝန်းအကောင်အထည်ဖော်ရန်၊ တိုင်းရင်းဆေးပညာရပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးအစီအစဉ်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ တိုင်းရင်းဆေးပညာရပ်၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများကို ဖြန့်ဝေနိုင်ရန်၊ ပိုမိုကောင်းမွန်သော ရောဂါသိမှု၊ ဆေးသိမှု၊ ကုထုံးသိမှုများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဖွံ့ဖြိုးတိုးတက်လာသော ဆေးပညာဆိုင်ရာဗဟုသုတများကို လက်တွေ့အသုံးချနိုင်စေရန် ရည်ရွယ်၍ တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် ပညာပေးရေးအစီအစဉ်ကို လစဉ် တတိယပတ်၊ စနေနေ့တိုင်းတွင် ကျင်းပလျက်ရှိပြီး တိုင်းရင်းဆေးပညာရှင် ဆရာကြီးများက တက်ရောက်ဆွေးနွေးပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရေကြီးနစ်မြုပ် လယ်ယာမြေများအား အချိန်မီပြန်လည်အစားထိုး စိုက်ပျိုးနိုင်ရေး နှိုးဆော်ချက်

၁။ မြန်မာနိုင်ငံဒေသအချို့တွင် ဇွန်၊ ဇူလိုင်လများအတွင်း မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြစ်ရေမြင့်တက်ခြင်းနှင့် ပင်လယ်ဒီရေထောက်ခြင်းတို့ကြောင့် တစ်နိုင်ငံလုံး စိုက်ပျိုးပြီး မိုးသီးနှံဧက ၁၄ သန်းကျော်အနက် (၂၈. ၇. ၂၀၁၇) ရက်နေ့အထိ ဧက ငါးသိန်းကျော် ရေကြီးနစ်မြုပ်၍ သီးနှံ ၈၉၉၄၉ ဧက ပျက်စီးခဲ့ပြီး ပြန်လည်အစားထိုးစိုက်ပျိုးလျက်ရှိပါသည်။

၂။ တောင်သူလယ်သမားများ၏ ရေကြီးနစ်မြုပ်ပျက်စီးသွားသော မိုးစပါးလယ်မြေများကို အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် အောက်ဖော်ပြပါ နည်းလမ်းများအသုံးပြု၍ လိုက်နာဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(က) အရန်ပျိုးများဖြင့် ပြန်လည်အစားထိုးစိုက်ပျိုးခြင်း၊
(ခ) သက်လတ်နှင့် သက်ကြီးစပါးမျိုးများကို သက်တမ်းရက် ၆၀ အတွင်းရှိ စပါးစိုက်ခင်းမှ သားတက်ခွဲ၍ ပွားများစိုက်ပျိုးခြင်း၊
(ဂ) သက်လျင်စပါးမျိုး (ရက် ၉၀၊ သီးထပ်ရင်၊ ရွှေသွယ်ရင်)များဖြင့် ပျိုးထောင်စိုက်ပျိုးခြင်း (သို့မဟုတ်) တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း၊
(ဃ) အမြန်ဆုံးပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရန် ကောက်စိုက်စက်များ အသုံးပြုစိုက်ပျိုးခြင်း၊
(င) မပျက်စီးဘဲ ထိခိုက်သော စပါးခင်းများအား ရေသွင်း၊ ရေထုတ်ပြုလုပ်ပေးပြီး သဘာဝမြေဩဇာနှင့် ပုလဲဓာတ်မြေဩဇာ (၃း၁) အချိုးဖြင့် ရောစပ်ထည့်သွင်းပေးခြင်း၊

၃။ ရေကြီးနစ်မြုပ်မှုမရှိဘဲ ပုံမှန်ကောင်းမွန်နေသော စပါးခင်းများကို အထွက်နှုန်းတိုးတက်ရေးအတွက် ပေါင်းမြက်နှိမ်နင်းခြင်း၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာအချိုးညီအချိန်ကိုက်ထည့်သွင်းခြင်း၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် ကာကွယ်နှိမ်နင်းခြင်း၊ ရေသွင်းရေထုတ်ဆောင်ရွက်ခြင်းများကို အထူးဂရုပြုဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါသည်။

၄။ ရေကျသွားချိန်၌ ရေကြီးနစ်မြုပ်ပျက်စီးပြီး မိုးစပါး ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ခြင်းမရှိသည့် ဧရိယာများတွင် ရေမြေဒေသနှင့်ကိုက်ညီသည့် သီးနှံများကို အချိန်မီ အပြည့်အဝ ပြန်လည်အစားထိုးစိုက်ပျိုးသွားနိုင်ရေးတို့အတွက် ကြိုတင်စီမံဆောင်ရွက်သွားကြရန်လည်း လိုအပ်ပါသည်။

၅။ သို့ပါ၍ ရေကြီးနစ်မြုပ်ပျက်စီးသွားသော မိုးစပါးလယ်မြေများနှင့် ယာမြေများတွင် သီးနှံများ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရန် အထက်ပါလုပ်ငန်းစဉ်များကို တောင်သူလယ်သမားများအားလုံး လိုက်နာဆောင်ရွက်နိုင်ကြရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကလည်း ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်ကြပါရန်နှင့် တောင်သူလယ်သမားများအနေဖြင့် အကူအညီလိုအပ်ပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ ရေအရင်းအမြစ်စီမံခန့်ခွဲရေးနှင့် ဆည်မြောင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများသို့ ဆက်သွယ်အကူအညီရယူနိုင်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ရာသီတုပ်ကွေးရောဂါနှင့်ပတ်သက်ပြီး ကျန်းမာရေးအသိပညာပေးပြောကြားမှုများ

**လက်ရှိဖြစ်ပွားနေသည့် ရာသီတုပ်ကွေးရောဂါ A(H1N1) pdm 09 နှင့်ပတ်သက်ပြီး ပြည်သူများ ပိုမိုကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲများ ပြုလုပ်လျက်ရှိသည်။ ရာသီတုပ်ကွေးရောဂါနှင့်ပတ်သက်ပြီး နေပြည်တော် လယ်ဝေးမြို့ရှိ ပြည်သူ့ဆေးရုံကြီးတွင် အသိပညာပေးဟောပြောပွဲတစ်ရပ်ကို ယနေ့ နံနက်ပိုင်းက ပြုလုပ်ခဲ့ရာ တာဝန်ရှိသူများ၏ ကျန်းမာရေးအသိပညာပေးပြောကြားမှုများကို ဖော်ပြလိုက်ရပါသည်-**



ဒေါက်တာနန်းရှုပဟန်



ဦးဝင်းမြင့်



ဒေါက်တာဖြူဖြူအေး

**ဒေါက်တာနန်းရှုပဟန်**
**(ဆေးရုံအုပ်၊ လယ်ဝေးမြို့နယ် ခုတင်(၁၀၀)ပြည်သူ့ဆေးရုံကြီး)**

ဒီဆေးရုံကြီးမှာတော့ ပြင်ပလူနာအနေနဲ့ ပြတာရှိတယ်။ အတွင်းလူနာအနေနဲ့ တင်တာရှိတယ်။ ပြင်ပလူနာအနေနဲ့ လာပြရင်တော့ လူနာတွေကို တုပ်ကွေးလက္ခဏာတွေကို သေချာကြည့်ရှုပြီး ပြင်ပလူနာအနေနဲ့ပဲပြပြီး အိမ်ပြန်လွှတ်ရမလား၊ ဒါမှမဟုတ် ဆေးရုံတက်ကုသသင့်သလား ခွဲခြားပါတယ်။ တကယ်လို့ ပြင်ပလူနာအနေနဲ့ပဲ ကုသဖို့လိုတယ်ဆိုရင် လိုအပ်တဲ့ကုသမှုတွေပေးပြီး ပြန်လွှတ်ပါတယ်။ အဲဒီလို ပြန်လွှတ်တဲ့နေရာမှာလည်း သူတို့အတွက် သိသင့်သိထိုက်တဲ့ ပညာပေးအစီအစဉ်တွေကို တစ်ခါတည်း ပြောပြပေးလိုက်ပါတယ်။ ဒီရောဂါဟာ အများသိပြီးဖြစ်တဲ့ ရာသီတုပ်ကွေးရောဂါပါ။ အသက်ရှူလမ်းကြောင်းကနေ ကူးစက်တတ်တဲ့ရောဂါဖြစ်ပါတယ်။ တုပ်ကွေးဆိုတဲ့အတိုင်း ဖျားမယ်၊ နှာချေမယ်၊ ချောင်းဆိုးမယ်၊ လည်ချောင်းနာမယ်၊ နုံးခွေမယ် ဒီလိုလက္ခဏာတွေပြပါတယ်။ ရာသီတုပ်ကွေးနဲ့ပတ်သက်ပြီး မိမိကိုယ်တိုင်ကစပြီး ကြိုတင်ကာကွယ်ပါဆိုတဲ့ ဆောင်ပုဒ်နဲ့လုပ်ဆောင်သင့်ပါတယ်။

နှာစေး၊ ချောင်းဆိုးမယ်ဆိုရင် အုပ်ပြီးဆိုးစေချင်ပါတယ်။ ဒါမှသာ ရောဂါရှိနေတဲ့လူဆီကနေ တခြားလူဆီကို မကူးမှာဖြစ်ပါတယ်။ ပြီးတဲ့အခါကျတော့ လက်ကိုဆေးရပါမယ်။ လက်ကို ဘာကြောင့် ဆေးရသလဲဆိုရင် တုပ်ကွေးရောဂါပိုးတွေက ကျွန်မတို့ရဲ့ ဘေးနားမှာရှိတဲ့ ကြားခံပစ္စည်းဖြစ်တဲ့ စားပွဲတို့၊ တံခါးလက်ကိုင်တို့မှာ နှာစေး၊ ချောင်းဆိုးတဲ့အချိန်မှာ အဲဒီပိုးတွေ ဗိုင်းရပ်စ်တွေက ရှိနေတတ်တယ်။ ခုနက ပစ္စည်းတွေကို ကိုင်မိမယ်၊ ပြီးရင် နှာခေါင်းကိုကိုင်မယ်၊ ပါးစပ်ကို ကိုင်မိမယ်ဆိုရင် အဲဒီကနေတစ်ဆင့် ကူးမှာစိုးတဲ့အတွက် လက်ကိုသေချာဆေးသင့်ပါတယ်။

ပြီးရင် ကိုယ်ခံအားကောင်းအောင်နေသင့်ပါတယ်။ မက်စ်တပ်ထားတယ်ဆိုရင် ဒီဗိုင်းရပ်စ်ပိုးဟာ လုံးဝကာကွယ်နိုင်မယ်ဆိုတာ မဟုတ်ပါဘူး။ N95 မက်စ်ဆိုတာတောင်မှ ၉၅ ရာခိုင်နှုန်းပဲ ကာကွယ်တာပါ။ အဲဒါကိုတော့ ကျန်းမာရေးဝန်ထမ်းတွေ၊ ကျန်းမာရေးစောင့်ရှောက်ပေးတဲ့သူတွေက ပိုပြီးတော့ တပ်သင့်ပါတယ်။ ဆာဂျီကယ် မက်စ်က ခုနက ပြောသလို ရောဂါခံစားနေရတဲ့သူတွေ၊ တုပ်ကွေးရောဂါဖြစ်နေတဲ့သူတွေ တပ်ထားရင် သူတို့ဆီကနေ တခြားသူတွေဆီကို ရောဂါပိုး မကူးစက်နိုင်ပါဘူး။

အခုရာသီတုပ်ကွေးရောဂါဆိုပြီးတော့ လူတွေကြောက်လန့်နေကြတယ်။ သိပ်ပြီးတော့ မကြောက်ကြဖို့ကိုလည်း တိုက်တွန်းချင်ပါတယ်။ နောက်ပြီး မိမိကိုယ်တိုင်ကနေစပြီး ကာကွယ်ရမယ်ဆိုပြီးတော့လည်း တိုက်တွန်းချင်ပါတယ်။ အခုကျန်းမာရေးပညာပေး ဗီနိုင်းတွေ၊ ပိုစတာတွေကို လူစည်ကားတဲ့နေရာတွေမှာ တပ်ထားပါတယ်။ အဲဒါတွေကို ဖတ်ရှုပြီးတော့လည်း တစ်ဆင့်စကားနဲ့တစ်ဆင့် ပညာပေးလေးတွေ မျှဝေပေးဖို့ကိုလည်း တောင်းဆိုချင်ပါတယ်။

**ဦးဝင်းမြင့်**
**(လက်ထောက်ညွှန်ကြားရေးမှူး၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာန)**

ကျွန်တော် ပြည်သူတွေကို ပြောချင်တာကတော့ လိုတိုရှင်းလေးပါ။ သူတို့နားထဲ မှတ်မိလွယ်အောင်နဲ့ အလွတ်မှတ်စေချင်တဲ့ သဘောပါပဲ။ "အုပ်၊ ပြာ၊ ရှောင်၊ ရေသောက်လို့၊ လုံလောက်စွာ နားကြပါ၊ ဤရာသီ ဒီတုပ်ကွေးကင်းပစေရေး" ကဗျာလေး စပ်ထားပါတယ်။ ဒီအချက်တွေထဲက အုပ်၊ ပြာ၊ ရှောင် သုံးချက်က နှာချေ၊ ချောင်းဆိုးတဲ့သူတိုင်းဟာ လက်ကိုင်ပဝါ ဒါမှမဟုတ် တစ်ရှူး၊ တစ်ခါသုံးနှာခေါင်းစည်းတွေနဲ့ ပါးစပ်နဲ့ နှာခေါင်းတို့ကို လုံအောင်ပိတ်ထားကြဖို့ပါပဲ။ ဖုံးအုပ်ထားကြဖို့ဖြစ်ပါတယ်။ ဒါက အုပ်ပါ။ ပြာ ဆိုတာကတော့ အရေးအကြီးဆုံးပါ။ နှာခေါင်းစည်းထက် ပိုပြီးအရေးကြီးတာကတော့ လက်ဆေးခြင်း အလုပ်ပါပဲ။ လက်ဆေးခြင်းက ပိုပြီး ကာကွယ်မှုပေးပါတယ်။ လက်ဆေးတဲ့အခါမှာ ဆပ်ပြာနဲ့ သေချာစွာဆေးကြောဖို့လိုပါတယ်။ ဘယ်အရာဝတ္ထုကိုမဆို ကိုင်တွယ်ပြီးတိုင်းပဲဖြစ်ဖြစ်၊ ဒါမှမဟုတ်ရင် လူနာကို ကိုင်တွယ်ပြီးတိုင်းပဲဖြစ်ဖြစ် လက်ဆေးဖို့၊ မကြာခဏ လက်ကိုသေချာဆေးကြောပေးဖို့ လိုအပ်ပါတယ်။ ဒါကတော့ ပြာပါ။ ရှောင် ဆိုတာကတော့ ကိုယ့်ကိုယ်ကိုယ် တုပ်ကွေးရောဂါ သံသယရှိတယ်လို့ ထင်လိုက်တာနဲ့ တစ်ပြိုင်နက်တည်း မိသားစုနဲ့ နီးကပ်စွာ နေထိုင်ခြင်းကို ရှောင်ကြဉ်ဖို့၊ နောက်တစ်ခါ ကျောင်း၊ ဈေး၊ လူထူထပ်တဲ့နေရာတွေကို ရှောင်ကြဉ်ဖို့လိုသလို ရောဂါမရှိသေးတဲ့ လူတွေအနေနဲ့လည်း လူထူထပ်တဲ့နေရာတွေ၊ လူစုလူဝေးရှိတဲ့ နေရာတွေကို အတတ်နိုင်ဆုံး သွားရောက်ခြင်းက ရှောင်ကြဉ်ဖို့ဖြစ်ပါတယ်။ ဒါကတော့ အုပ်၊ ပြာ၊ ရှောင်ပါပဲ။

ရေသောက်လို့ ဆိုတဲ့နေရာမှာ ကျွန်တော်တို့ ကိုယ်ခံအားစနစ်ကောင်းဖို့ လိုပါတယ်။ အဲဒီလို ကောင်းချင်ရင်တော့ ဒီရာသီမှာ ကျွန်တော်တို့ရေများများသောက်ဖို့၊ များများစားဖို့၊ များများအိပ်ဖို့ စသည်ဖြင့် လိုအပ်ပါလိမ့်မယ်။ ကဗျာအရတော့ ရေသောက်ပါလို့ ပြောတာပါ။ နောက်တစ်ခုက လုံလုံလောက်လောက် အနားယူစေချင်ပါတယ်။ လုံလောက်စွာ အနားယူခြင်းကလည်းပဲ အင်အားကိုဖြစ်စေပါတယ်။ ဒါကြောင့် လုံလောက်စွာ အနားယူပါလို့ ကျွန်တော့်အနေနဲ့ အကြံပြုချင်ပါတယ်။ ဒါမှသာလျှင် ပြည်သူတွေ မှတ်မိဖို့လည်းလွယ်မယ်။ နောက်တစ်ခါ ပညာပေးတဲ့သူတွေလည်း မှတ်မိလွယ်မှာဖြစ်ပါတယ်။

**ဒေါက်တာဖြူဖြူအေး**
**(ညွှန်ကြားရေးမှူး၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာန)**

ဒီရာသီတုပ်ကွေးနဲ့ပတ်သက်လို့ ကျွန်မတို့ ဆောင်ရွက်ထားတာကတော့ ပြည်သူလူထုထဲမှာ ကျန်းမရေးအသိပညာတွေ၊ အထူးသဖြင့် လူထူထပ်တဲ့နေရာတွေမှာ အသိပညာပေးဖို့အတွက်ဖြစ်ပါတယ်။ ပိုစတာ သုံးမျိုး၊ လက်ကမ်းစာစောင်တစ်မျိုး ထုတ်ပြန်ထားပါတယ်။ ပိုစတာထဲမှာပါတဲ့ အဓိကအချက်တွေကို ပြည်သူလူထု သိစေချင်တဲ့အပိုင်းက သုံးခုရှိပါတယ်။ နံပါတ်(၁)ကတော့ ဒီရာသီတုပ်ကွေး အခုလိုကူးစက်နေတဲ့အခြေအနေမှာ လူတိုင်းလူတိုင်း ချောင်းဆိုးတိုင်း ချောင်ဆိုးတိုင်းမှာ နှာခေါင်းနဲ့ပါးစပ်ကို အုပ်ထားဖို့ပါ။ လက်ကိုင်ပဝါ၊ တစ်ရှူး၊ တစ်ခါသုံး မက်စ် အဲဒါတွေနဲ့ အုပ်ထားလို့ရပါတယ်။ အဓိကကတော့ မိမိနှာစေး၊ ချောင်းဆိုးလိုက်တိုင်း တစ်ဖက်သားကို မကူးစက်အောင် အသိလေးနဲ့ ကြိုတင်ကာကွယ်ဖို့ဖြစ်ပါတယ်။ ဒုတိယတစ်ချက်ကတော့ လက်ဆေးဖို့ပါ။ ဒီလက်ဆေးတာက တော်တော်ကိုအရေးကြီးတဲ့ အခန်းကဏ္ဍကပါဝင်ပါတယ်။ အားလုံးလည်းပဲ သိပြီးသားဖြစ်မှာပါ။ မကြာခဏ လက်ဆေးခြင်းက ရောဂါကို ကာကွယ်နိုင်တဲ့ အပိုင်းမှာ အဓိကကျတဲ့နေရာမှာ ပါဝင်ပါတယ်။ တတိယတစ်ချက်ကတော့ လူထူထပ်တဲ့ နေရာတွေကို ရှောင်ဖို့ပါပဲ။ လူထူထပ်တဲ့နေရာတွေကို ရှောင်ခြင်းအားဖြင့် တစ်ယောက်နဲ့ တစ်ယောက် ကူးစက်ပြန့်ပွားမှုကို ဟန့်တားနိုင်မှာ ဖြစ်ပါတယ်။ အဲဒီတော့ ပြည်သူလူထုကို အဓိက အသိပေးချင်တဲ့ အချက်ကတော့ အဲဒီ သုံးချက်ပဲဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်မတို့ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေဆိုတာ ကျန်းမာရေးဌာနတစ်ခုတည်းနဲ့ ဆောင်ရွက်လို့မရပါဘူး။ အခုဆိုရင် အထွေထွေအုပ်ချုပ်ရေးအပိုင်းကရော လွှတ်တော်အပိုင်းကရော နောက်ပြီး ပြည်သူလူထုအတွင်းမှာ အခြေပြုနေတဲ့ အဖွဲ့အစည်းတွေကရော ဒီကိစ္စကို အာရုံစိုက်လာတာ ကျွန်မတို့အတွက် အလွန်ကောင်းတဲ့ လက္ခဏာဖြစ်ပါတယ်။ ဆက်ပြီးတော့လည်း အာရုံစိုက်ပြီး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြဖို့ အထူးတိုက်တွန်းချင်ပါတယ်။

**(သတင်းအဖွဲ့)**

## မောင်တောမြို့နယ်၌ အစွန်းရောက်အကြမ်းဖက်သမားများ လက်လုပ်မိုင်းပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွား

**နေပြည်တော် ဩဂုတ် ၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ပန်းတောပြင်ကျေးရွာအုပ်စု အနောက်ရွာ၌ ယနေ့မွန်းလွဲပိုင်းက အစွန်းရောက်အကြမ်းဖက်သမားများ လက်လုပ်မိုင်း ပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့ ညနေ ၃ နာရီခန့်က ပန်းတောပြင်ကျေးရွာ အုပ်စု အနောက်ရွာ၌ မိုင်းပေါက်ကွဲသည့် အသံ ကြားရသဖြင့် သွားရောက်စစ်ဆေးခဲ့ရာ ယင်းကျေးရွာနေ မဒီလ်ပါးလ်(၆၀) နှစ်၏ နေအိမ်တွင် အိမ်ရှေ့ဝရန်တာ မီးလောင်ကျွမ်းထားသည်ဟုယူဆရသည့် ကြမ်းခင်း သုံးပေပတ်လည်ခန့်ကျိုးပဲ့နေခြင်း၊ မျက်နှာကြက်မိုးထားသည့် ပိတ်စ ၁၀ ပေ ပတ်လည်ခန့် မီးလောင်ကျွမ်းနေခြင်းများ တွေ့ရှိခဲ့ရကြောင်း။



နေအိမ်အတွင်း စစ်ဆေးရာ ပစ္စတိုကျည် နှစ်တောင့်၊ ယမ်းဟုယူဆရသည့် ၂၅ ကျပ်သားခန့်ရှိ အထုပ် နှစ်ထုပ်၊ မိုင်းပြုလုပ်ရာတွင် အသုံးပြုသည်ဟု ယူဆရသည့် ဓာတ်မြေဩဇာစေ့ အညိုရောင် ၁၀ ပိဿာခန့်၊ ဆေးထိုးပြွန်တွင် ယမ်းထည့်ထားပြီး ဝိုင်ယာကြိုးစနှစ်စ ထုပ်ထားသော စနက်တံဟု ယူဆရသည့် စနက်တံ သုံးခု၊ ၁၀ ပေခန့် နန်းကြိုး ခွေ တစ်ခွေ၊ ခဲဘောစေ့ နှစ်လုံး၊ ခဲဂေါက်ဝရိန် တစ်ခု၊ ဒစ်ဂျစ်တယ်ဗို့တိုင်း မီတာတစ်ခု၊ မီးကပ်တိပ် အနက်ရောင် တစ်ခွေ၊ ယမ်းကြိတ်ရာတွင် အသုံးပြုသည်ဟု ယူဆရသည့် လေးထောင့်ကျောက်ပြင် တစ်ခု၊ ပေ ၁၅၀ ခန့်ရှိ အဖြူရောင်မီးကြိုး တစ်ခွေနှင့် မိုင်းပြုလုပ်ရာတွင်တွက်ချက်ထားသည့် မှတ်တမ်းစာအုပ် တစ်အုပ်တို့ကိုတွေ့ရှိ သိမ်းဆည်းရမိခဲ့ပြီး ပေါက်ကွဲမှုဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြစ်ရေဝင်ရောက်မှုကြောင့် ယာယီပိတ်ထားသည့် ကျောင်း ၁၀၆ ကျောင်းအနက် ကျောင်းပေါင်း ၁၀၀ ပြန်လည်ဖွင့်လှစ်

**မန္တလေး ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီးတွင် ဇူလိုင်လအတွင်းက ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ယာယီပိတ်ထားရသည့် အခြေခံပညာကျောင်းပေါင်း ၁၀၆ ကျောင်းအနက် ဩဂုတ် ၁ ရက်အထိ ကျောင်းပေါင်း ၁၀၀ ကို ပြန်လည်ဖွင့်လှစ်သင်ကြားပေးနေပြီးဖြစ်ကြောင်း တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန်းစန်းရီက ပြောကြားသည်။

"ကျွန်မတို့ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အခြေခံပညာကျောင်းတွေမှာ မြစ်ရေဝင်လို့ ကျောင်းပိတ်ထားရရင် သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးတွေကနေ အဆင့်ဆင့် အသိပေးအကြောင်းကြားရသလို ရေကျသွားလို့ ပြန်ဖွင့်နိုင်ရင်လည်း နေပြည်တော်(ရုံးချုပ်)အထိ အဆင့်ဆင့်အကြောင်းကြားရပါတယ်။ ဒီအကြောင်းကြားစာထဲမှာ ပိတ်ထားခဲ့တဲ့ ရက်တွေအတွက် ဘယ်လိုအစားထိုးသင်ပေးမလဲဆိုတဲ့အချက်ကိုပါ ထည့်ပြီးပေးပို့ရပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ ယာယီပိတ်ထားသည့် ကျောင်းများအနေဖြင့် မြစ်ရေကျဆင်း၍ ပြန်လည်ဖွင့်လှစ်သည့် အချိန်တွင် ပိတ်ထားသည့် ရက်များအတွက် အဖိတ်နေ့နှင့် ဥပုသ်နေ့များတွင် အစားထိုးဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ယာယီပိတ်ထားရသည့် ကျောင်းများအနက် မြင်းခြံမြို့နယ်တွင် အများဆုံးဖြစ်ပြီး စဉ့်ကူး၊ ညောင်ဦး၊ တောင်သာ၊ တံတားဦး၊ ငါန်းဇွန်၊ အမရပူရမြို့နယ်တို့မှဖြစ်ကြပြီး အထက သုံးကျောင်း၊ အထက(ခွဲ) ငါးကျောင်း၊ အလက ရှစ်ကျောင်း၊ အလက(ခွဲ) သုံးကျောင်း၊ မူလွန် ခုနစ်ကျောင်း၊ အမက ၇၈ ကျောင်းနှင့် အမက(ခွဲ) နှစ်ကျောင်းတို့ ပါဝင်ကြပြီး အဆိုပါကျောင်းများအနက် မြင်းခြံမြို့တွင် သုံးကျောင်း၊ ညောင်ဦးမြို့တွင် တစ်ကျောင်းနှင့် တောင်သာမြို့နယ်တွင် နှစ်ကျောင်း စုစုပေါင်း ခြောက်ကျောင်းသာ ဖွင့်လှစ်နိုင်ရန်ကျန်ရှိတော့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရန်ကုန်-မန္တလေးကားလမ်းဟောင်းတွင် ၂၂ ဘီးတွဲယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိပြီး ဈေးဆိုင်အား ထပ်မံဝင်တိုက်



**ဖြူး သြဂုတ် ၁**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းမြို့နယ်မြေ ရဲစခန်းအပိုင်တွင် သြဂုတ် ၁ ရက် နံနက် ၇ နာရီခွဲခန့်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင်အမှတ် (၁၃၁/၁) နှင့် (၁၃၁/၂)အကြားတွင် မြောက်မှတောင်သို့ ယာဉ်မောင်း ဝင်းမြင့် (၄၅) နှစ် မုံရွာတောင်ရပ် မုံရွာမြို့နေသူ မောင်းနှင်လာသော ယာဉ်အမှတ် 5H/----- ဆီဘောက်ဆာ ၂၂ ဘီးယာဉ်ကို မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်တွင် ယာဉ်မောင်း အိပ်ငိုက်၍ လမ်း၏ ယာဘက်ခြမ်းသို့ ရောက်ရှိကာ မျက်နှာချင်းဆိုင်မှလာသော 6M/----- ၂၂ ဘီးယာဉ်အား ဝင်ရောက်တိုက်မိခဲ့ပြီး အနီးရှိ ကုန်စုံဈေးဆိုင်အား ထပ်မံတိုက်မိခဲ့ရာ ဈေးဆိုင်မှာပျက်စီးခဲ့ပြီး လူထိခိုက်ဒဏ်ရာမရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဝင်းမြင့်အား ကညွတ်ကွင်းနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ပိုင်း)**



# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် သြဂုတ် ၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၃၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၄၆၅ စီး၊ သွင်းကုန် ၅၇၃ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၂ စီး၊ သွင်းကုန် ၁၇၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၁ ရက်တွင် မူဆယ်မှ မန္တလေးသို့ သွားရောက်မည့် ISUZU ခြောက်ဘီးယာဉ် တစ်စီးနှင့် Nissan UD ၁၂ ဘီးယာဉ်တစ်စီးတို့ကို သတင်းအရ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Composite Board ပြား ၄၀၀၊ Rice Cooker (1x12) 50 Pkgs၊ Steel Kettle (1x40) 23 Pkgs၊ Steel Food Carrier (1x40) 40 Pkgs (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂ ဒသမ ၅၆၀ သန်းခန့်) ကိုတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပဲခူးမြို့တွင် ရုံးထုတ်ပြန်လာသူအား လူနှစ်ဦးမှ လုယူထွက်ပြေး

**ပဲခူး သြဂုတ် ၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် ဇူလိုင် ၃၁ ရက် ညနေ ၄ နာရီခန့်က တရားရုံးမှ ရုံးထုတ်လာသူအား လူငယ်နှစ်ဦးက ဆိုင်ကယ်ဖြင့် တိုက်လုံကာ လုယူထွက်ပြေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အမှတ် (၂)နယ်မြေရဲစခန်း၌ ပုဒ်မ ၃၂၆ ဖြင့် တရားစွဲဆိုရန် မြို့နယ်တရားရုံးတွင် ချုပ်ရက်ရမန်ယူခဲ့သော အောင်ဝေဖြိုး(ခ) ဝက်ပုတ် (၂၁)နှစ်အား တရားရုံးမှအပြန်တွင် ရဲတပ်ဖွဲ့ဝင်နှစ်ဦးက ဆိုင်ကယ်ဖြင့် လက်ထိပ်ခတ်ကာ ခေါ်ဆောင်လာစဉ် ရွှေသာလျောင်းလမ်းမကြီးအနီးရှိ ပိတောက်မြိုင်လမ်းထိပ်အရောက်၌ အနက်ရောင်တီရှပ်ဝတ်ဆင်ထားသော လူငယ်နှစ်ဦးက တရားခံအား ခေါ်ဆောင်စီးနင်းလာသော ဆိုင်ကယ်ကို ၎င်းတို့စီးနင်းလာသော ဆိုင်ကယ်ဖြင့် ဝင်ရောက်တိုက်လုံကာ လုယူထွက်ပြေးသွားခဲ့ခြင်းဖြစ်ကြောင်းသိရပြီး အဆိုပါတရားခံမှာ သန်လျင်မြို့မရဲစခန်းမှ လုယက်မှုဖြင့် အလိုရှိနေသူဖြစ်ကြောင်းလည်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အမှတ် (၂)နယ်မြေစခန်းမှူးကို ဆက်သွယ်မေးမြန်းခဲ့ရာ "ဖြစ်တာကဟုတ်ပါတယ်။ တရားခံတွေ ဖမ်းဆီးရမိရေး ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ ခုလည်း ကျွန်တော်တို့အဖွဲ့တွေ လိုက်လံရှာနေပါတယ်"ဟု ပြန်လည်ဖြေကြားသည်။

**ဖြိုးကိုလင်း(ညောင်ပိုင်း)**

# မုံရွာငုံးမွေးမြူရေးဇုန်တွင် အစာကြိတ်စက်အပူလွန်ကဲရာမှ မီးလောင်

**မုံရွာ သြဂုတ် ၁**

ငုံးအစာကြိတ်မော်တာ အပူလွန်ကဲရာမှ အစာကြိတ်စက်ရုံ၊ ငုံးဖောက်စက်နှင့် ငုံးခြံတစ်ခြမ်းမီးလောင်ကာ ငုံးအကောင် ၅၀၀၀ သေဆုံးမှု သြဂုတ် ၁ ရက် ညနေ ၄ နာရီခွဲခန့်က မုံရွာမြို့ ငုံးမွေးမြူရေးဇုန်၌ ဖြစ်ပွားခဲ့သည်။

မုံရွာမြို့ ရွှေပြည်အေးရပ်ကွက် နယ်မြေ (၁၃) ငုံးမွေးမြူရေးဇုန်တော်ဝင်လမ်းရှိ ကိုစည်သူကျော် ပိုင်သော ခြံအမှတ်(၄၇) ငုံးမွေးမြူရေးခြံတွင် မီးလောင်ခြင်းဖြစ်ရာ စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးမင်းစမ်းအေး၊ မုံရွာခရိုင်မီးသတ်ဦးစီးမှူးတို့ ဦးဆောင်သော မီးသတ်တပ်ဖွဲ့သည် မီးသတ်ရေသယ်ယာဉ် ၁၀ စီးဖြင့် ငြိမ်းသတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးငြိမ်းသတ်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်မှ မီးသတ်ယာဉ်ခုနစ်စီး၊ အလုံမှ မီးသတ်ယာဉ်သုံးစီးတို့နှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ဇုန်အတွင်း နေထိုင်ကြသူများ ဝိုင်းဝန်းငြိမ်းသတ်ရာ ညနေ ၅ နာရီ မိနစ် ၄၀ ခန့်တွင် မီးလုံးဝငြိမ်းသွားကြောင်း သိရသည်။

မုံရွာငုံးမွေးမြူရေးဇုန်တွင် မွေးမြူရေးလုပ်ငန်းရှင် ၃၄ ဦးက ငုံးခြံ ၃၉ ခြံ၌ လက်ရှိ ငုံးကောင်ရေ ၃၅၈၀၀၀ မွေးမြူထားကြောင်း မုံရွာခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာမျိုးချစ်ထံမှ သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# လှည့်ကင်းဆောင်ရွက်စဉ် မသင်္ကာသူများ တွေ့ရှိ၍စစ်ဆေး

**ဇေယျာသီရိ သြဂုတ် ၁**

နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရွှေတွင်းကုန်းရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂၉ ရက် ညပိုင်းတွင် လှည့်ကင်းဆောင်ရွက်စဉ် ရန်ကုန်-မန္တလေး ကားလမ်းဘေး နန်းသြကျေးရွာအနီး ကောင်းလျှံကွမ်းယာဆိုင်ရှေ့၌ မသင်္ကာဖွယ်ရာ လူငယ်သုံးဦးကို ဆိုင်ကယ်နှစ်စီးဖြင့် တွေ့ရှိ၍ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သက်ဆွေ၊ ညဉ့်ဦးလှည့်ကင်းအဖွဲ့တို့က သက်သေများနှင့်အတူ စစ်ဆေးရာ နိုင်မင်းထွန်း၊ ဝဏ္ဏနှင့် ကျော်သက်လင်းတို့ဖြစ်ကြောင်း သိရှိရပြီး ၎င်းတို့စီးနင်းလာသော NULANG-110 အနက်ရောင်ဆိုင်ကယ်နှင့် FZ-5 YAMAHA ဆိုင်ကယ်တို့အား ပိုင်ဆိုင်ကြောင်း အထောက်အထားပြသနိုင်ခြင်းမရှိဘဲ ခိုးယူလာသည်ဟု သင်္ကာမကင်းရှိသဖြင့် ရွှေတွင်းကုန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**



# ဘားအံနှင့် ကသာမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် သြဂုတ် ၁**

ဘားအံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၃၁ ရက်က ဘားအံမြို့နယ် ကော့သံခါကျေးရွာအုပ်စု ကော့သံခါကျေးရွာနေ မချိုချိုမာ၏ နေအိမ်ကိုရှာဖွေရာ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကသာမြို့နယ် လမ်းခွကျေးရွာ မီးရထားသံလမ်းကူးအနီးတွင် ခင်မောင်စိုး မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# တရုတ်နိုင်ငံသွားမည့် အမျိုးသမီးများ၏ အတွင်းခံဘောင်းဘီထဲမှ ဘိန်းများသိမ်းဆည်းရမိ

**ရန်ကုန် သြဂုတ် ၁**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်နိုင်ငံ တိုင်ပေသို့သွားမည့် အမျိုးသမီးလေးဦးထံမှ ဘိန်းထည့်ထားသည်ဟုယူဆရသော အထုပ်များ ယနေ့နံနက် ၁၀ နာရီခွဲခန့်က သိမ်းဆည်းရမိကြောင်း သက်ဆိုင်ရာတာဝန်ရှိသူထံမှ သိရသည်။ Yangon Aerodrome Company Limited မှ Body Chet တာဝန်ကျသူက စစ်ဆေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နေ အသက် (၅၃) နှစ်အရွယ် ဒေါ်ရန်စိုက်ချင်၏ အတွင်းခံဘောင်းဘီအတွင်းမှ ဘိန်းဟု ယူဆရသော ၁၀၀ ဂရမ်ပါ အထုပ်နှစ်ထုပ်၊ အသက်(၄၀)အရွယ် ဒေါ်လီးဟွေယီ၏ အတွင်းခံဘောင်းဘီအတွင်းမှ ၉၅ ဂရမ်နှင့် ၆၅ ဂရမ်ပါအထုပ်နှစ်ထုပ် တွေ့ရကြောင်း သိရသည်။

ထို့အပြင် ၎င်းတို့နှစ်ဦးနှင့်အတူ လိုက်ပါမည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းကိုင်မြို့နေ အသက် (၅၁) နှစ်အရွယ် ဒေါ်မလရီအား ဆက်လက်ဖမ်းမိခဲ့ပြီး ၎င်းမှာ အမျိုးသမီးအိမ်သာအတွင်းရှိ အမှိုက်ပုံးထဲသို့ ၉၀ ဂရမ်၊ ၉၅ ဂရမ်၊ ၁၈၀ ဂရမ်ပါအထုပ်များကို လွှင့်ပစ်ခဲ့ကြောင်း၊ ကွတ်ခိုင်မြို့နေ အသက် (၄၉)နှစ်အရွယ် ဒေါ်ကျန်ဖာဒီမှာ တိမ်းရှောင်သွားကြောင်း သိရသည်။

ယနေ့သိမ်းဆည်းရမိသည့် ဘိန်းဟုယူဆရသော အထုပ်များ၏ အလေးချိန်မှာ စုစုပေါင်း ၇၂၅ ဂရမ်ရှိကြောင်း သက်ဆိုင်ရာအဖွဲ့အစည်းများမှလည်း ဆက်လက်စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဇာနည်မောင်)**



# ပရီမီယာလိဂ် ထုတ်ပယ်ခံရမည့် နည်းပြများအဖြစ် ဘင်နီတက်ဇ်၊ ကွန်တီတို့ ထိပ်ဆုံးမှ ရေပန်းစား



၂၀၁၇-၂၀၁၈ ဘောလုံးရာသီ မကြာမီစတင်တော့မည် ဖြစ်ရာ နည်းပြထုတ်ပယ်မှု အင်မတန်မြင့်မားသည့် ပရီမီယာလိဂ်တွင် နယူးကာဆယ်နည်းပြ ဘင်နီတက်ဇ်၊ စတုတ်နည်းပြ မားဟုချ်၊ ဝက်စ်ဟမ်းနည်းပြ ဘီလစ်၊ လက်ရှိချန်ပီယံ ချယ်လ်ဆီးနည်းပြ ကွန်တီ၊ လက်စတာနည်းပြ ခရိတ်ရှိတ်စပီးယားတို့မှာ ထုတ်ပယ်ခံရမည့် နည်းပြများအဖြစ် ထိပ်ဆုံးနေရာတွင် အစဉ်လိုက် ရပ်တည်နေသည်။

နယူးကာဆယ်အသင်းကို ပရီမီယာလိဂ်သို့ တန်းပြန်တက်နိုင်အောင် ဦးဆောင်မှုပေးနိုင်သည့် နည်းပြ ဘင်နီတက်ဇ်၏ အမည်က ၇/၂ ဖြင့် ထိပ်ဆုံးတွင်ရှိနေပြီး မားဟုချ်က ၁၁/၂၊ ဘီလစ်က ၆/၁၊ ကွန်တီ ၈/၁နှင့် ရှိတ်စပီးယားက ၉/၁ ဖြင့် ထိပ်ဆုံးမှ ရပ်တည်နေသည်။ သို့သော် အာဆင်နယ်နည်းပြ ဝင်းဂါး၊ မန်ယူနည်းပြ မော်ရင်ဟိုနှင့် မန်စီးတီးနည်းပြ ဂွါဒီယိုလာတို့က ၅၀/၁ စီဖြင့် ထုတ်ပယ်ခံရမည့် နည်းပြစာရင်းရေပန်းစားမှုတွင် အောက်ဆုံးနေရာသို့ ရောက်ရှိနေသည်။ ❏

## အင်္ဂလန်ကလပ်အသင်းကြီးများကြောင့် ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲ ပိုမိုခက်ခဲမည်



အင်္ဂလန်အင်အားကြီး ကလပ်အသင်းများဖြစ်သည့် ချယ်လ်ဆီးနှင့် မန်ယူတို့ ချန်ပီယံလိဂ်ပြိုင်ပွဲကို ပြန်လည်ယှဉ်ပြိုင်ခွင့်ရလာပြီဖြစ်သဖြင့် ယခုနှစ် ချန်ပီယံလိဂ်မှာ ပိုမိုခက်ခဲလာမည်ဖြစ်ကြောင်း ဘိုင်ယန်မြူးနစ်နည်းပြ အန်စလော့တီက သတိပေးစကားဆိုလိုက်သည်။

ပြီးခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အင်္ဂလန်၏ ချန်ပီယံလိဂ် အစဉ်အလာရှိ မန်ယူနှင့် လီဗာပူးတို့ ချန်ပီယံလိဂ်ဝင်ခွင့် လွဲချော်ခဲ့သလို ပရီမီယာလိဂ်အသင်းများထဲမှ လက်စတာတစ်သင်းသာ ကွာတားဖိုင်နယ်အဆင့်အထိ တက်ရောက်လာနိုင်ခဲ့သော်လည်း ယခုနှစ်တွင် ချယ်လ်ဆီး၊ စပါး၊ မန်စီးတီးတို့ တိုက်ရိုက်ဝင်ခွင့်ရထားသည့်အပြင် ယူရိုပါလိဂ်ချန်ပီယံ မန်ယူပါ ချန်ပီယံလိဂ် ဝင်ခွင့်ရထားသောကြောင့် အင်္ဂလန်အသင်းများ အင်ပြည့်အားပြည့်ယှဉ်ပြိုင်မှုကို မြင်တွေ့ရဖွယ်ရှိသည်။ ထို့ပြင် စတုတ္ထနေရာဖြင့်သာ ရာသီသိမ်းနိုင်သည့် လီဗာပူးလည်း ခြေစစ်ပွဲအောင်လျှင် ချန်ပီယံလိဂ်ဝင်ခွင့်ရမည်ဖြစ်သဖြင့် ပရီမီယာလိဂ် ငါးသင်းအထိ ဝင်ရောက်ယှဉ်ပြိုင်ဖွယ်ရှိနေသည်။

ပရီမီယာလိဂ်အသင်းများတွင် ချန်ပီယံလိဂ်ကို နောက်ဆုံးဆွတ်ခူးထားနိုင်သည့်အသင်းမှာ ချယ်လ်ဆီးဖြစ်ပြီး ၂၀၁၂ ခုနှစ်တွင် ရယူနိုင်ခဲ့ခြင်းဖြစ်ရာ ချန်ပီယံလိဂ်အောင်မြင်မှုနှင့် ဝေးကွာနေသည်မှာ ငါးရာသီပင် ကြာမြင့်ခဲ့ပြီဖြစ်သည်။ အန်စလော့တီက "ဒီနှစ် ချန်ပီယံလိဂ်က အင်္ဂလန်အင်အားကြီးအသင်းတွေကြောင့် ပြိုင်ဆိုင်မှု ပိုပြင်းထန်လာမှာပါ။ ယူနိုက်တက်၊ စီးတီး၊ ချယ်လ်ဆီး၊ တော့တင်ဟမ်၊ လီဗာပူးတို့လေ၊ ကျွန်တော်ကတော့ ကလော့ပ်ရဲ့ လီဗာပူးလည်း ခြေစစ်ပွဲအောင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ဖြေကြားခဲ့သည်။

အန်စလော့တီ လက်ရှိကိုင်တွယ်နေသည့် ဘိုင်ယန်မြူးနစ်အသင်းသည် ချန်ပီယံလိဂ်ဖလားကို ၂၀၁၃ ခုနှစ်တွင် နောက်ဆုံးရယူနိုင်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ရီးယဲလ်မက်ဒရစ်အသင်းကို ချန်ပီယံလိဂ်ဖလားဆွတ်ခူးနိုင်အောင် အန်စလော့တီက ဦးဆောင်မှုပေးနိုင်ခဲ့သည်။



မေလွှဲသင်း - စုစည်းသည်

# ၂၆ မိနစ်တွင် ဂျွန်တယ်ရီကို လူစားလဲခဲ့သည့်ကိစ္စရပ်နှင့်ပတ်သက်ပြီး အက်ဖ်အေက ပြစ်ဒဏ်ချမှတ်မည်မဟုတ်

ဂျွန်တယ်ရီနှင့် ချယ်လ်ဆီးအသင်းတို့အနေဖြင့် တယ်ရီ၏ ချယ်လ်ဆီးကစားသမားဘဝ နောက်ဆုံးပွဲတွင် ပွဲချိန် ၂၆ မိနစ်၌ လူစားလဲခဲ့သည့်ကိစ္စရပ်နှင့်ပတ်သက်ပြီး အက်ဖ်အေက ပြစ်ဒဏ်တစ်စုံတစ်ရာ ချမှတ်မည်မဟုတ်ကြောင်း သိရသည်။ ဆန်းဒါးလန်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် တယ်ရီကို သူ၏ကျောနံပါတ်နှင့်ကိုက်ညီတဲ့ ၂၆ မိနစ်တွင် လူစားလဲခဲ့ခြင်းဖြစ်သည်။ သို့သော် တယ်ရီ၏ လူစားလဲခံရမည့် မိနစ်ကို ဘွတ်ကီဒိုင်များက ကြေးဖွင့်လှစ်ခဲ့ရာ ကြေးအောင်သည့်သူ အများအပြားပေါ်ပေါက်ခဲ့သဖြင့် ယင်းဖြစ်ရပ်ကို စုံစမ်းပေးရန် ဘွတ်ကီဒိုင်များက အက်ဖ်အေသို့ တိုင်ကြားခဲ့ခြင်းဖြစ်သည်။ သို့သော် အက်ဖ်အေက ယင်းကိစ္စရပ်မှာ စုံစမ်းစစ်ဆေးခံရမည့် ကိစ္စရပ်မဟုတ်ကြောင်း တုံ့ပြန်ခဲ့သည်။

အဆိုပါပွဲမကစားမီ ချယ်လ်ဆီး မဂ္ဂဇင်းအယ်ဒီတာတစ်ဦးက တယ်ရီကို ပွဲချိန် ၂၆ မိနစ်အပြီးတွင် လူစားလဲမည်ဖြစ်ကြောင်း တွစ်တာစာမျက်နှာပေါ်တွင် ရေးသားခဲ့ပြီးနောက် ဘွတ်ကီဒိုင်များက တယ်ရီ လူစားလဲခံရမည့်အချိန်ကို ကြေးဖွင့်လှစ်ခဲ့ကြရာ ပေါင်ထောင်ပေါင်းများစွာ လျော်ခဲ့ရသည့်ဖြစ်ရပ် ဖြစ်ပွားခဲ့သည်။ အက်ဖ်အေက လောင်းကစားကုမ္ပဏီများအနေဖြင့် လူစားလဲချိန်နဲ့ပတ်သက်တဲ့ သတင်းအချက်အလက်များ ရရှိခြင်းနှင့်ပတ်သက်ပြီး မေးခွန်းထုတ်ခဲ့သော်လည်း ချယ်လ်ဆီး၏ အတွင်းစည်းအတွင်း လောင်းကစားဒိုင်နှင့်ဆက်စပ်သည့် အချက်အလက်တစ်စုံတစ်ရာ သက်သေပြနိုင်ခြင်းမရှိသလို ပြုပြင်ထားချက်မျိုးမတွေ့ရဟု အက်ဖ်အေက တုံ့ပြန်ခဲ့သည်။

၂၆ မိနစ်တွင် လူစားလဲရေးမှာ တယ်ရီ၏ အိုင်ဒီယာဖြစ်ပြီး ကွန်တီဘက်လည်း တယ်ရီ၏ဆန္ဒကို လိုက်လျောခဲ့ခြင်းဖြစ်သည်။ သို့သော် အင်္ဂလန်နာမည်ကျော်ကစားသမားဟောင်း အလန်ရှီးယားက ယင်းဖြစ်ရပ်မှာ မေးခွန်းထုတ်ရမည့် ကိစ္စရပ်တစ်ခု ဖြစ်စေခဲ့သည်ဟု ဝေဖန်ခဲ့သည်။ ဘီဘီစီအားကစားရေးရာ ကျွမ်းကျင်သူ ဂါရတ်ခရိတ်ခ်ကလည်း "ဒါက သေချာအစီအစဉ်ချထားတယ်ဆိုတာ ထင်ရှားပါတယ်။ ဒီဖြစ်ရပ်က အနည်းငယ် စိတ်မသက်မသာ ဖြစ်စေတာကတော့ အမှန်ပဲဗျာ"ဟု သူ၏အယူအဆကို ဖွင့်ချခဲ့သည်။ သို့သော် ချယ်လ်ဆီးအသင်းသည် တိုက်စစ်မှူး ဒရော့ဘာ နှုတ်ဆက်ပွဲကလည်း အလားတူလုပ်ရပ်မျိုး လုပ်ဆောင်ခဲ့ဖူးပြီး ဒရော့ဘာ နှုတ်ဆက်ပွဲမှာလည်း ဆန်းဒါးလန်းနှင့်ပင် ကစားခဲ့ခြင်းမှာလည်း တိုက်ဆိုင်မှုတစ်ရပ်ဖြစ်သည်။

# နေမာကို ခေါ်ယူနိုင်မည်ဟု ပီအက်စ်ဂျီ ယုံကြည်ချက်အပြည့်ရှိ

နေမာကို ခေါ်ယူနိုင်ဖို့ ဘာစီလိုနာနဲ့ ချုပ်ဆိုထားတဲ့ ထွက်ခွာခွင့်အချက်အရ ပေါင် ၁၉၆ သန်းအထိ ပေးချေရဖို့ ရှိပေမယ့် ပီအက်စ်ဂျီဘက်ကတော့ အီဗရာဟီမိုဗစ်ကို ခေါ်ယူတုန်းကလို အားလုံးအံ့အားသင့်ခဲ့တဲ့ နောက်ထပ် ခမ်းနားတဲ့ဖြစ်ရပ်တစ်ခု လုပ်ဆောင်ပြဖို့ အသင့်ရှိနေပါပြီ။ ပြင်သစ်ကလပ် ပီအက်စ်ဂျီအနေနဲ့ ပြုပြင်ပြောင်းလဲရေး စလုပ်တဲ့ကာလမှာတုန်းကတောင် အီဗရာဟီမိုဗစ်ကို အေစီ မီလန်ကနေ ခေါ်ပြနိုင်ခဲ့ပြီး အီဖယ်လ်မျှော်စင်ရဲ့ ခြေရင်းမှာ ပရိသတ်များစွာဝန်းရံတဲ့မိတ်ဆက်ပွဲကို ကျင်းပကာ ကမ္ဘာတစ်ဝန်း ပရိသတ်တွေကို အံ့အားသင့်စေခဲ့တာပါ။ ပီအက်စ်ဂျီကတော့ နေမာကို ခေါ်ယူနိုင်ရင် အီဗရာဟီမိုဗစ်ကို ခေါ်ယူနိုင်တုန်းကထက် ပိုမိုခမ်းနားမှာဖြစ်သလို အားလုံးကစောင့်ကြည့်နေတဲ့ ဖြစ်ရပ်တစ်ခုကို ဆောင်ရွက်ပြဖို့ အသင့်ရှိနေခဲ့တာဖြစ်ပါတယ်။

စာချုပ်မှာ နေမာ လက်မှတ်ရေးထိုးဖို့အပိုင်းသာ ကျန်ရှိတော့ပြီး ဒီရက်သတ္တပတ်အတွင်း ကိစ္စရပ်တွေ အားလုံးကို အပြီးသတ်နိုင်ဖို့ ပီအက်စ်ဂျီဘက်က မျှော်လင့်ထားကြောင်း သိရပါတယ်။ ပီအက်စ်ဂျီအသင်းဥက္ကဋ္ဌလည်းဖြစ်၊ အမှုဆောင်အရာရှိချုပ်လည်းဖြစ်တဲ့ အယ်ခီလိုင်ဖီက နေမာနဲ့ ဒိုဟာမှာ တွေ့ဆုံဖို့ အသင့်ဖြစ်နေသလို နေမာရဲ့ ကျောနံပါတ် ပီအက်စ်ဂျီ ဂျာစီမှာ ရိုက်နှိပ်ဖို့ အသင့်ပြင်ပြီးပြီဆိုတဲ့ သတင်းတွေတောင် တက်လာခဲ့ပါတယ်။ နေမာဟာ စပွန်ဆာ အရောင်းမြှင့်တင်ရေးအတွက် လက်ရှိမှာ တရုတ်ကို ရောက်ရှိနေပြီး ပီအက်စ်ဂျီနဲ့ ပတ်သက်တဲ့ တစ်စုံတစ်ရာ၊ ဘာစီလိုနာနဲ့ပတ်သက်တဲ့ တစ်စုံတစ်ရာကိုတောင် ထင်ဟပ်ခြင်းမရှိလို့ နေမာ အနာဂတ်ကို ကွဲကွဲပြားပြားသိဖို့ ခက်နေချိန်မှာ ပီအက်စ်ဂျီဘက်က အားလုံးကြိုတွက် ဆောင်ရွက်ထားပြီဆိုတဲ့သတင်းတွေ ထွက်လာခဲ့တာဖြစ်ပါတယ်။

# ကွင်းလယ်လူ မာတစ် ပေါင်သန်း ၄၀ ဖြင့် ချယ်လ်ဆီးမှ မန်ယူသို့ အပြီးသတ်ရောက်ရှိလာပြီ

မန်ယူအသင်းသည် ကွင်းလယ်လူ မာတစ်ကို ချယ်လ်ဆီးမှ ပေါင်သန်း ၄၀ ဖြင့် သုံးနှစ်စာချုပ် ချုပ်ဆိုခေါ်ယူနိုင်ခဲ့ပြီဖြစ်သည်။ အသက်(၂၉) နှစ်အရွယ် ကွင်းလယ်လူ မာတစ်မှာ လင်ဒီလော့ဖ်နှင့် လူကာကူတို့အပြီး ယခုနှစ်နွေဈေးကွက်အတွင်း မန်ယူအသင်းသို့ တတိယမြောက် ရောက်ရှိခဲ့သော ကစားသမားဖြစ်လာခဲ့သည်။

မန်ယူအသင်း၏ ကာရင်တန်ကွင်းသို့ ဆေးစစ်ခံရန် မာတစ် ရောက်ရှိလာပြီး မန်ယူလေ့ကျင့်ရေးဝတ်စုံ ကျောနံပါတ် ၃၁ ကို ဝတ်ဆင်ထားသည့် ပုံများပေါ်ထွက်လာခဲ့သည်အထိ မော်ရင်ဟိုက အဆိုပါနေရာတွင် သူရှိမနေခြင်းကြောင့် အတည်မပြုနိုင်သေးပါဟု ငြင်းဆိုခဲ့သော်လည်း နောက်တစ်ရက်မှာပင် မာတစ် မန်ယူသို့ အပြီးသတ်ရောက်ရှိလာပြီဖြစ်သည်။ မော်ရင်ဟိုက မာတစ်မှာ ရည်မှန်းချက်၊ သစ္စာရှိမှု စသည့် သူလိုချင်သည့် အရည်အသွေးအားလုံးရှိသည့် ကစားသမားဖြစ်သည်ဟု ချီးမွမ်းစကားဆိုခဲ့ကာ "မာတစ်ဟာ မန်ယူကစားသမား၊ မော်ရင်ဟိုရဲ့ကစားသမားဖြစ်ပါတယ်"ဟု ဆိုခဲ့သေးသည်။ မာတစ်ကလည်း မော်ရင်ဟိုနှင့် တစ်ကျော့ပြန်လက်တွဲ အလုပ်လုပ်ရမည်ဖြစ်သဖြင့် ကျေနပ်မိကြောင်းဆိုခဲ့ပြီး "ချယ်လ်ဆီးအသင်းတွင် ရှိခဲ့တဲ့အချိန်များကို ကျေနပ်သလို ပရိသတ်များ ပံ့ပိုးမှုအပေါ်လည်း ကျေးဇူးတင်ပါတယ်။ ကစားဖော်အသစ်တွေနဲ့ လက်တွဲအလုပ်လုပ်ဖို့ကို ကျွန်တော် မစောင့်နိုင်တော့ပါဘူး"ဟု ဆိုခဲ့သည်။



# တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**ယမန်နေ့မှအဆက်**

(၃) ကွန်ပျူတာပရိုဂရမ်များ၊

(၄) ဇီဝမဟုတ်သော ထုတ်လုပ်မှုနည်းစဉ်နှင့် အဏုဇီဝထုတ်လုပ်မှု နည်းစဉ်များမှတစ်ပါး အပင်များ သို့မဟုတ် တိရစ္ဆာန်များကို စိုက်ပျိုးမွေးမြူရေးအတွက် အဓိကကျသော ဇီဝဆိုင်ရာ ထုတ်လုပ်မှုနည်းစဉ်များ၊

(၅) ပြုလုပ်ဖန်တီးထားသည့် အဏုဇီဝများမှတစ်ပါး သဘာဝတွင်တွေ့ရှိရသော သက်ရှိများနှင့် ဇီဝပစ္စည်းများ၏ တစ်ကိုယ်လုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်း အပါအဝင် သတ္တဝါမျိုးနွယ်များနှင့် အပင်မျိုးစိတ်များအားလုံး အကျုံးဝင်သည့် အပင်များနှင့် သတ္တဝါများ၊ ဒီအင်န်အေနှင့် ဖြည့်ဖက်ဆက်တန်းများပါဝင်သော ဒီအင်န်အေများ၊ ဆဲလ်များ၊ ဆဲလ်လိုင်းများ၊ မွေးမြူထားသော ဆဲလ်များနှင့် အစေ့များ။

(၆) လူနှင့်တိရစ္ဆာန်များ၏ ခန္ဓာကိုယ်တွင် လက်တွေ့စမ်းသပ်ပြီး ရရှိလာသော ရောဂါရှာဖွေခြင်း နည်းလမ်းများအပါအဝင် လူနှင့်တိရစ္ဆာန်များ၏ ခန္ဓာကိုယ်ကို ခွဲစိတ်ခြင်း သို့မဟုတ် ကုသခြင်းနည်းလမ်းများ။

(၇) သဘာဝအတိုင်းရှိသည့် အရာဝတ္ထုများ၊ အသုံးပြုမှုအသစ်များနှင့် ပုံသဏ္ဌာန်အသစ်များအပါအဝင် အများသိရှိထားပြီးဖြစ်သည့် အရာဝတ္ထုများ သို့မဟုတ် အခါအားလျော်စွာ သတ်မှတ်ဖော်ပြသည့် ဓာတုထုတ်ကုန်များ စသည်တို့နှင့် ဆက်နွှယ်သည့် တီထွင်မှုများ၊

(၈) အများပြည်သူ၏ ကိုယ်ကျင့်သိက္ခာကိုဖြစ်စေ၊ အေးချမ်းတည်ငြိမ်မှုကိုဖြစ်စေ၊ လူ၊ တိရစ္ဆာန် သို့မဟုတ် အပင်ကိုဖြစ်စေ၊ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကိုဖြစ်စေ ဆိုးရွားစွာ ထိခိုက်နိုင်သည့် တီထွင်မှုများနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ နိုင်ငံတော်၏ နယ်နိမိတ်အတွင်း အသုံးချမှုကို တားမြစ်ထားသော တီထွင်မှုများ။

(ခ) ဆေးဝါးနှင့်စပ်လျဉ်းသည့် ထုတ်ကုန် သို့မဟုတ် ထုတ်လုပ်မှုနည်းစဉ်သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုနှင့်သက်ဆိုင်သည့်အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာကောင်စီ၏မူဝါဒအရ ပြည်ထောင်စုအစိုးရအဖွဲ့က သီးခြားထပ်မံ သတ်မှတ်ခြင်းမရှိလျှင် ၂၀၃၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့အထိ တီထွင်မှုမူပိုင်ခွင့်အကာအကွယ်မရရှိသော တီထွင်မှုဖြစ်သည်။

(ဂ) အောက်ပါတို့သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုနှင့်သက်ဆိုင်သည့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကောင်စီ၏ မူဝါဒအရ ပြည်ထောင်စုအစိုးရအဖွဲ့က သီးခြားထပ်မံ သတ်မှတ်ခြင်းမရှိလျှင် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့အထိ တီထွင်မှုမူပိုင်ခွင့် အကာအကွယ်မရရှိသော တီထွင်မှုများဖြစ်သည်-

(၁) စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတုဗေဒထုတ်ကုန်များ၊

(၂) စားသောက်ကုန်များ၊

(၃) အဏုဇီဝပစ္စည်းများ။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မခွဲ (ခ) နှင့် (ဂ) ပါ အကာအကွယ်မရရှိစေသော ကာလများကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုနှင့်သက်ဆိုင်သည့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကောင်စီ၏ သဘောတူညီချက်နှင့်အညီ ပြင်ဆင်သတ်မှတ်နိုင်သည်။

## အခန်း(၈)
## တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခွင့်ရှိသူများ

၁၂။ (က) တီထွင်သူသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားရန် အခွင့်အရေးရှိသူဖြစ်ပြီး အဆိုပါ တီထွင်မှုမူပိုင်ခွင့်တွင် အမည်သတ်မှတ်ဖော်ပြပိုင်ခွင့်ရှိသည်။ ထို့ပြင် တီထွင်သူ၏ လုပ်ကိုင်ခွင့်လွှဲအပ်ခြင်းခံရသူကဖြစ်စေ၊ လွှဲပြောင်းပေးအပ်ခြင်း ခံရသူကဖြစ်စေ တီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခွင့်ရှိသည်။

(ခ) တစ်ဦးထက်ပိုသူများက တူညီသော တီထွင်မှုတစ်ခုကို သီးခြားစီတီထွင်ခဲ့လျှင် တီထွင်မှု မူပိုင်ခွင့်လျှောက်ထားချက် အစောဆုံးတင်သွင်းသူ သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုချက်ပါရှိလျှင် ဦးစားပေးနေ့ရက်ကို အစောဆုံး တရားဝင် ရရှိထားသော လျှောက်ထားသူသည် တီထွင်မှုမူပိုင်ခွင့်ကို ရခွင့်ရှိသည်။

၁၃။ တီထွင်မှုတစ်ခုကို တစ်ဦးထက်ပိုသူများက ပူးတွဲတီထွင်ခဲ့ခြင်းဖြစ်လျှင် ယင်းတို့အားလုံးသည် အဆိုပါတီထွင်မှုမူပိုင်ခွင့်ကို ပူးတွဲလျှောက်ထားခွင့်ရှိသည်။

၁၄။ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရဖြစ်စေ၊ ယင်းသဘောတူညီချက်၏ အကျိုးဆက်အရဖြစ်စေ တီထွင်မှုတစ်ခုကို ပြုလုပ်ရာတွင်-

(က) အလုပ်သမားက တီထွင်မှုတစ်ခုကို ပြုလုပ်သည့်တိုင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ပါအချက်များနှင့် ဆန့်ကျင်ကွဲလွဲမှုမရှိပါက အလုပ်ရှင်ကသာ ယင်းတီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခွင့်ရှိသည်။

(ခ) တီထွင်မှုကို ပြုလုပ်ပြီးကြောင်း အလုပ်သမားက အလုပ်ရှင်ထံစာဖြင့် ဆက်သွယ်အကြောင်းကြားသည့်နေ့ရက်မှ ခြောက်လအတွင်း အဆိုပါတီထွင်မှုကို အလုပ်ရှင်က လျှောက်ထားရန် အခွင့်အရေးကို ပျက်ကွက်ခဲ့လျှင် စွန့်လွှတ်ပြီးဖြစ်သည်ဟု မှတ်ယူပြီး အလုပ်သမားသည် ယင်းတီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခွင့်ရှိသည်။

(ဂ) အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက် ကုန်ဆုံးပြီးနောက် တစ်နှစ်အတွင်း ပြုလုပ်သည့် တီထွင်မှုကို တီထွင်မှုမူပိုင်ခွင့် လျှောက်ထားရာတွင် အဆိုပါ တီထွင်မှုသည် ယခင်အလုပ်ရှင်၏ လုပ်ငန်းနယ်ပယ်အတွင်း ယင်း၏အလုပ်သမားက ပြုလုပ်ရရှိသည့် တီထွင်မှုဖြစ်လျှင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ပါ အချက်များနှင့် ဆန့်ကျင်ကွဲလွဲမှုမရှိသည့်အပြင် အလုပ်သမားက ဆန့်ကျင်ကွဲလွဲသည့် သက်သေခံအထောက်အထား တင်ပြနိုင်ခြင်းမရှိပါက ကုန်ဆုံးပြီးသော အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရ ပြုလုပ်ခဲ့သည့် တီထွင်မှုဖြစ်သည်ဟု မှတ်ယူပြီး ယခင် အလုပ်ရှင်မှ အဆိုပါတီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခွင့်ရှိသည်။ သို့ရာတွင် အောက်ပါအခြေအနေ တစ်ရပ်ရပ်၌ အလုပ်သမားကသာ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားခွင့်ရှိသည်-

(၁) ယခင်အလုပ်ရှင်က အဆိုပါတီထွင်မှုအပေါ် လျှောက်ထားမှုမရှိကြောင်း သဘောတူညီခြင်း၊

(၂) အလုပ်သမားကတင်ပြသည့် သက်သေခံအထောက်အထားအပေါ် ယခင်အလုပ်ရှင်မှ ငြင်းဆိုမှု မပြုနိုင်ခြင်း၊

(၃) ပုဒ်မခွဲ (ခ) အရ ယခင်အလုပ်ရှင်က မှတ်ပုံတင်လျှောက်ထားရန် ပျက်ကွက်သဖြင့် အလုပ်သမားကလျှောက်ထားခြင်း၊

(ဃ) အလုပ်ရှင်၏တာဝန်ပေးချက်အရမဟုတ်ဘဲ ယင်း၏ လုပ်ငန်းနယ်ပယ်နှင့် ဆက်နွှယ်နေသော တီထွင်မှုတစ်ခုကို အလုပ်ရှင်၏ ပစ္စည်းကိရိယာ၊ အချက်အလက် သို့မဟုတ် နည်းပညာကို အသုံးပြု၍ အလုပ်သမားက ပြုလုပ်ရာတွင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ပါအချက်များနှင့် ဆန့်ကျင်ကွဲလွဲမှု မရှိပါက အလုပ်သမားကသာ ယင်းတီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခွင့်ရှိသည်။

(င) အလုပ်သမားသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (ဃ) တို့တွင် ဖော်ပြထားသော တီထွင်မှုပြုလုပ်ခြင်းမှတစ်ပါး အခြားသောတီထွင်မှုကိုပြုလုပ်ခဲ့လျှင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ပါအချက်များနှင့် ဆန့်ကျင်ကွဲလွဲမှု မရှိပါက ယင်းတီထွင်မှုအတွက် တီထွင်မှုမူပိုင်ခွင့်ကို အလုပ်သမားကသာ လျှောက်ထားခွင့်ရှိသည်။

## အခန်း (၉)
## လျှောက်ထားခြင်း

၁၅။ ဤဥပဒေအရ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားခွင့်ရှိသူသည် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို ရရှိလိုပါက တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုပေးရန် သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၁၆။ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူသည် -

(က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ရေးသားနိုင်သည်။

(ခ) မြန်မာဘာသာဖြင့် လျှောက်ထားချက်ကို အင်္ဂလိပ်ဘာသာသို့လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် လျှောက်ထားချက်ကို မြန်မာဘာသာသို့လည်းကောင်း ဘာသာပြန်ဆိုပေးရန် မှတ်ပုံတင်အရာရှိက တောင်းဆိုခဲ့လျှင် ဘာသာပြန်ဆိုပေးရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဘာသာပြန်ဆိုချက်ဖြစ်လျှင် လျှောက်ထားသူက မှန်ကန်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးရမည်။

၁၇။ (က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူသည် လျှောက်ထားချက်တွင် အောက်ပါအချက်များ ဖော်ပြရမည်-

(၁) တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုပေးရန် တောင်းဆိုချက်၊

(၂) လျှောက်ထားသည့်ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းနှင့် တီထွင်သူတို့၏ အမည်၊ နိုင်ငံသားနှင့် နေရပ်လိပ်စာ၊

(၃) လျှောက်ထားသူက ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် ကိုယ်စားလှယ်၏ အမည်နှင့်နေရပ်လိပ်စာ၊

(၄) ပြည့်စုံစွာဖော်ပြထားသော တီထွင်မှုဆိုင်ရာဖော်ပြချက်၊

(၅) တီထွင်မှုအမည်နှင့် တီထွင်မှုဆိုင်ရာ အကျဉ်းချုပ်ဖော်ပြချက်၊

(၆) သတ်မှတ်ချက်နှင့်အညီ ဖော်ပြထားသည့် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက်များ။

(ခ) ပုဒ်မခွဲ(က) ပါ အချက်များအပြင် လိုအပ်ပါက အောက်ပါအချက်များကိုလည်း ပူးတွဲတင်ပြရမည်-

(၁) လျှောက်ထားသူတွင် အရေးပါသည့် စက်မှုလက်မှုလုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်းရှိပါက ယင်းတို့၏ လိပ်စာနှင့် နိုင်ငံအမည်၊

(၂) လျှောက်ထားသူသည် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းအတွက် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါ အဖွဲ့အစည်း၏မှတ်ပုံတင်အမှတ်၊ အမျိုးအစားနှင့် နိုင်ငံအမည်၊

(၃) တီထွင်မှုကို နားလည်သဘောပေါက်စေရန် ရေးဆွဲချက်များရှိခဲ့လျှင် ရေးဆွဲချက်များ၊

(၄) လျှောက်ထားသူသည် ဦးစားပေးအခွင့်အရေး ရရှိရန် တောင်းဆိုလျှင် ဦးစားပေးအခွင့်အရေးရှိကြောင်း ခိုင်လုံသည့် အထောက်အထား ဖော်ပြချက်တို့နှင့်အတူ ဦးစားပေးအခွင့်အရေးတောင်းဆိုချက်၊

(၅) လျှောက်ထားသူသည် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးရရှိရန် တောင်းဆိုလျှင် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးရှိကြောင်း ခိုင်လုံသည့် အထောက်အထား ဖော်ပြချက်တို့နှင့်အတူ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး တောင်းဆိုချက်၊

(၆) ပူးတွဲလျှောက်ထားသူများအနက်မှ တစ်ဦးဦးက ပူးတွဲလျှောက်ထားသူများ အားလုံး၏ ကိုယ်စားလျှောက်ထားချက်ကို လက်မှတ်ရေးထိုးထားခြင်းဖြစ်လျှင် ကျန်ပူးတွဲလျှောက်ထားသူများ၏ စာဖြင့်ရေးသားထားသည့် သဘောတူညီချက်၊

(၇) မျိုးရိုးဗီဇ သို့မဟုတ် ဇီဝအရင်းအမြစ်များနှင့် ထိုအရင်းအမြစ်များနှင့် ပေါင်းစပ်သည်ဖြစ်စေ၊ မပေါင်းစပ်ဘဲဖြစ်စေ တည်ရှိနေသော ရိုးရာအသိပညာတစ်ရပ်ရပ်တို့အား တရားဝင်ရယူသုံးစွဲထားကြောင်းနှင့် တောင်းဆိုထားသော တီထွင်မှုကို ပြုလုပ်ရာတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုထားကြောင်း ဖော်ပြချက်၊

(၈) ဆောလျင်စွာ ထုတ်ပြန်ကြေညာပေးရန် လျှောက်ထားလိုပါက ထိုသို့ ကြေညာပေးရန် တောင်းဆိုချက်၊

(၉) ဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် အခြားလိုအပ်ချက်များ။

၁၈။ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပုဒ်မ ၁၇ ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသော တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို ဦးစီးဌာနက လက်ခံရရှိသည့် နေ့ရက်သည် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက် တင်သွင်းသည့် နေ့ရက်ဖြစ်သည်ဟု မှတ်ယူရမည်။

၁၉။ (က) တီထွင်မှုဆိုင်ရာဖော်ပြချက်သည် သာမန်တတ်ကျွမ်းသူတစ်ဦးက အဆိုပါ တီထွင်မှုကို လုပ်ဆောင်နိုင်ရန် ထုတ်ဖော်ရေးသားချက်ဖြစ်ရမည်ဖြစ်ပြီး အဆိုပါ ရေးသားချက်တွင် လျှောက်ထားသည့် နေ့ရက် သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုပါက ဦးစားပေး အခွင့်အရေးတောင်းဆိုသည့်နေ့ရက်၌ တီထွင်သူသိရှိထားသည့် အကောင်းဆုံးနည်းလမ်း အပါအဝင် ယင်းသိရှိထားသည့် နည်းလမ်းများအားလုံး ပါဝင်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ တောင်းဆိုထားသော တီထွင်မှုအတွက် ထုတ်ဖော်ပြသချက်သည် လျှောက်ထားသောနေ့ရက်တွင် သက်ဆိုင်ရာ ပညာရပ်နယ်ပယ်၌ သာမန်တတ်ကျွမ်းသူက ယင်းတီထွင်မှုကို အသုံးချရန် သို့မဟုတ် ပြုလုပ်ရန် ခွင့်ပြုနိုင်သည့် လုံလောက်သော သတင်းအချက်အလက်များကို ထည့်သွင်းတင်ပြထားပါက အဆိုပါ ထုတ်ဖော်ပြသချက်ကို လွန်ကဲသော စမ်းသပ်စစ်ဆေးမှု မပြုဘဲ လုံလောက်စွာ ပြည့်စုံရှင်းလင်းသည်ဟု မှတ်ယူရမည်။

(ဂ) အကာအကွယ်ရရှိရန် တောင်းဆိုထားသောတီထွင်မှုကို ပြုလုပ်ရာ၌ နိုင်ငံတော်နယ်နိမိတ်အတွင်းမှ မျိုးရိုးဗီဇ သို့မဟုတ် ဇီဝရင်းမြစ်များ၏ဇစ်မြစ်ကိုသော်လည်းကောင်း၊ အဆိုပါရင်းမြစ်များနှင့် ဆက်စပ်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရိုးရာအသိပညာဆိုင်ရာ အချက်အလက်များကို သော်လည်းကောင်း ကြိုတင်ခွင့်ပြုချက်မရှိဘဲ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုထားပါက ယင်းတို့အား တီထွင်မှုဆိုင်ရာ ဖော်ပြချက်တွင် ရှင်းလင်းစွာ သတ်မှတ်ဖော်ပြပေးရမည်။

၂၀။ (က) တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက် သို့မဟုတ် တောင်းဆိုချက်များတွင် အကာအကွယ်ပေးစေလိုသည့်အချက်ကို သတ်မှတ်ဖော်ပြပေးရမည်ဖြစ်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက် သို့မဟုတ် တောင်းဆိုချက်များသည် ရှင်းလင်း၍ ကျစ်လျစ်ပြည့်စုံရမည်။ ယင်းတို့ကို ရှင်းလင်းရာတွင် ဖော်ပြချက်နှင့် ရေးဆွဲချက်များကို အသုံးပြုနိုင်သည်။

၂၁။ (က) သီးခြားစီ တီထွင်ခဲ့သည့် တူညီသောတီထွင်မှုတစ်ခုကို မတူညီသောနေ့ရက်အသီးသီးတွင် တစ်ဦးထက်ပိုသူများက လျှောက်ထားခြင်းဖြစ်လျှင် လျှောက်ထားချက် အစောဆုံးတင်သွင်းသူကိုသာ မှတ်ပုံတင်ခွင့်ပြုရမည်။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားရာတွင် လျှောက်ထားသူအသီးသီးက ဦးစားပေးအခွင့်အရေး သို့မဟုတ် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို တောင်းဆိုလျှောက်ထားလာခြင်းဖြစ်လျှင် ဦးစားပေးအခွင့်အရေးနေ့ရက် အစောဆုံးပါရှိသူကိုသာ မှတ်ပုံတင်ခွင့်ပြုရမည်။

၂၂။ သီးခြားစီ တီထွင်ခဲ့သည့် တူညီသောတီထွင်မှုတစ်ခုစီနှင့် စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့်ရရှိရန် တစ်ဦးထက်ပိုသူများက တစ်နေ့တည်းတွင် လျှောက်ထားလာပါက သို့မဟုတ် တူညီသော ဦးစားပေးနေ့ရက်ကို တောင်းဆိုလျှောက်ထားလာပါက -

(က) မှတ်ပုံတင်အရာရှိသည် လျှောက်ထားသူအချင်းချင်း ဆွေးနွေးညှိနှိုင်းပြီး တီထွင်မှု မူပိုင်ခွင့်လျှောက်ထားသူအဖြစ် သတ်မှတ်ပေးစေလိုသူ၏အမည်ကို သတ်မှတ်သည့်ကာလအတွင်း ပြန်လည်တင်ပြရန် လျှောက်ထားသူအားလုံးကို ညွှန်ကြားရမည်။

**ဆက်လက်ဖော်ပြပါမည်။**

ကြေးမုံ



# အခွန်ယဉ်ကျေးမှုတစ်ရပ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး ဂရုပြုဆောင်ရွက်

**ပဲခူး ဩဂုတ် ၁**

ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဩဂုတ် ၁ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ လာရောက်တွေ့ဆုံသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက တိုင်းပြည်၏ ကုန်သွယ်မှုကဏ္ဍ မြှင့်တင်ပေးခြင်းသည် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ကြောင်း၊ ကုန်သွယ်မှုကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများအား ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့များသို့ အထိုက်အလျောက် လုပ်ပိုင်ခွင့်များ ခွင့်ပြုပေးထားပြီးဖြစ်၍ ရဲရဲဝံ့ဝံ့လုပ်ကိုင်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ တိုင်းပြည်၏အပြောင်းအလဲဆောင်ရွက်ရာတွင် စီးပွားရေးအရ စိန်ခေါ်မှုများရှိနေကြောင်း၊ အခွန်ယဉ်ကျေးမှုတစ်ရပ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး ဂရုပြုဆောင်ရွက်နေရကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ ပြည်တွင်းလုပ်ငန်းရှင်များနှင့် ပြည်ပလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်မှသာ ရင်းနှီးမြှုပ်နှံမှုပမာဏနှင့် နည်းပညာများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ မြေယာသိမ်းဆည်းမှုများနှင့်ပတ်သက်၍ အခက်အခဲများ ရှိလာနိုင်သည့်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အထူးဂရုပြုဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက မိမိတို့အစိုးရအဖွဲ့သည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြေနေရာလိုအပ်ချက်ရှိပါကြောင်း၊ လိုအပ်သည့်မြေနေရာများနှင့်ပတ်သက်၍ ဒီမိုကရေစီစနစ်ကို အခြေခံပြီး ဒေသခံပြည်သူများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ အခြားအစားထိုးဖြည့်ဆည်း ဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးသည် လေဆိပ်စီမံကိန်းရှိခြင်း၊ အာဆီယံဟိုင်းဝေးလမ်းမကြီးများ ဖြတ်သန်းဖောက်လုပ်ရန် စီမံကိန်းရှိခြင်းတို့ကြောင့် လမ်းဆုံမြို့တစ်ခု ဖြစ်ပေါ်လာနိုင်ကြောင်း၊ ထို့အတွက် ကုန်စည်စီးဆင်းမှုများ ဖြတ်သန်းသွားရာ လမ်းကြောင်းပေါ်တွင် ကျရောက်လျက်ရှိသဖြင့် အဆင့်မြင့်ကုန်စည်သိုလှောင်ရေးဇုန်များ၊ အဆင့်မြင့်လက်ကားဈေးများ လိုအပ်မည်ဖြစ်ပါကြောင်း၊ လက်ရှိအနေဖြင့် ပဲခူးမြို့အတွက် ကလိလက်ကားဈေးအား အကောင်အထည်ဖော် ဆောင်ရွက်ရန် လျာထားပါကြောင်းနှင့် ပြည်တွင်းလုပ်ငန်းရှင်များ၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်နိုင်ရေး အစိုးရအဖွဲ့မှ ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

**တင်စိုး(ပဲခူး)**

# ပုဂံလောကနန္ဒာစွယ်တော်မြတ်စေတီ ဗုဒ္ဓပူဇနီယပွဲတော် စည်ကားစွာကျင်းပ

**ညောင်ဦး ဩဂုတ် ၁**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံမြို့သစ် ဧရာဝတီမြစ်ကမ်းနံဘေးရှိ အနော်ရထာမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော လောကနန္ဒာစွယ်တော်မြတ်စေတီ၏ ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ်ဝါခေါင်လ၌ ကျင်းပမြဲဖြစ်ရာ ယခုနှစ်တွင်လည်း ယခင်နှစ်များနည်းတူ စည်ကားသိုက်မြိုက်စွာ ပွဲဈေးတန်းများခင်းကျင်း၍ ပျော်ပွဲရွှင်ပွဲများနှင့်အတူ ကျင်းပလျက်ရှိသည်။

အဆိုပါပွဲတော်တွင် နှစ်စဉ်ဝါခေါင်လဆန်း ၈ ရက် ဥပုသ်နေ့တွင် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိပြည်သူများလာရောက်ကာ သံဃာတော်များအား သပိတ်လုံးများကပ်လှူနိုင်ရန်အတွက် သပိတ်လုံးနှင့် ငွေပဒေသာပင်များ ယူဆောင်၍ ဘုရားကြီးကို ဦးတိုက်လာရောက်ဆက်ကပ်လှူဒါန်းကြသည်။ ယခုနှစ်တွင်လည်းသပိတ်လုံးအရေအတွက် ၃၀၀၀ကျော်ခန့် အလှူခံရရှိခဲ့ပြီး ကြွရောက်လာကြသည့် သံဃာတော် အပါး ၂၅၂ ပါး တို့အား ဘုရားကြီးဂေါပကအဖွဲ့မှဦးဆောင်၍ စာရေးတံမဲစနစ်ဖြင့် ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

"ဒီနှစ်သပိတ်လုံးလှူဒါန်းတဲ့သူပိုများလာလို့ အလှူခံရရှိတဲ့အရေအတွက်များတယ်။ ခန့်မှန်းတော့ ၃၀၀၀ ကျော်လောက်ရှိမယ်။ အလှူခံသံဃာတစ်ပါးကို သပိတ်လုံး ခုနစ်လုံးနဲ့ ဝတ္ထုအနေနဲ့တော့ ကျပ်နှစ်သောင်းခန့်လောက် လှူဒါန်းမယ်လို့ ရည်မှန်းထားပါတယ်"ဟု ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ဘုရားပွဲတော်စည်ကားသိုက်မြိုက်ရေးအတွက် ပျော်ပွဲရွှင်ပွဲများအဖြစ် ဘော်လီဘောပြိုင်ပွဲ၊ ဆွမ်းတော်ကြီးပွဲ၊ အရုပ်သွန်းလှည့်လည်ပွဲ၊ ညအချိန်တွင် ဗလာဇာတ်သဘင်ပွဲများ ကပြဖျော်ဖြေမှုများလည်း ပါဝင်ကြောင်း၊ ထို့ပြင် ဝါခေါင်လဆန်း ၇ ရက်နှင့် ၈ ရက်တို့တွင် လှေအလှလှော်ခတ်ပွဲကိုလည်း ကျင်းပရာ ရွာဟောင်းကြီး၊ ကျွန်းသီရိ၊ ဇီးကုန်း၊ သဖန်းပင်၊ ကြက်လျှာ၊ ဆွဲကြီး အစရှိသည့် ကျေးရွာများမှ ပြည်သူများလာရောက်၍ လှော်ခတ်ဆင်နွှဲကြပြီး ကြည့်ရှုသူအများအပြားဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့ သတင်းစာရှင်းလင်းပွဲကျင်းပ ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထား

**စစ်တွေ ဩဂုတ် ၁**



ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ပထမတစ်နှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ ပြည်သူ့အတွက် ပထမတစ်နှစ်တာ သတင်းစာရှင်းလင်းပွဲ အခမ်းအနားကို ဇူလိုင် ၃၁ ရက် မွန်းလွဲ ၁ နာရီက ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ (၁) ၌ ကျင်းပခဲ့သည်။

သတင်းစာရှင်းလင်းပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးညီပုက ရခိုင်ပြည်နယ်အရေးသည် ပြည်နယ်တစ်ခု၏ အရေးမဟုတ်တော့ဘဲ တစ်နိုင်ငံလုံးအပြင် နိုင်ငံတကာအရေးနှင့်ဆက်စပ်သည့်အတွက် အခက်အခဲစိန်ခေါ်မှုများစွာဖြင့် ဆောင်ရွက်နေရပါကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့် နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ မူဘောင်များဖြင့် အဂတိတရား ကင်းရှင်းစွာ လုပ်ဆောင်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထား ဆောင်ရွက်နေပါကြောင်း၊ ထို့အပြင်နိုင်ငံတော်သမ္မတ၏အထူးရန်ပုံငွေ ၃ ဒသမ ၆၅ ဘီလီယံဖြင့် ပြည်သူများလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်နိုင်ခဲ့ပါကြောင်းနှင့် ပြည်နယ်တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများနှင့် ပြည်သူများပူးပေါင်းပြီးဆောင်ရွက်လျက်ရှိပါကြောင်းပြောကြားသည်။

ထို့နောက်တက်ရောက်လာကြသည့် သတင်းမီဒီယာများက ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သတင်းမီဒီယာများ လွတ်လပ်စွာသတင်းရယူရေးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တိကျမှန်ကန်သည့်သတင်းများအား အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ရေးတို့ကို မေးမြန်းအကြံပြုဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် သက်ဆိုင်ရာပြည်နယ်အဆင့်ဌာနဆိုင်ရာများမှ မေးမြန်းအကြံပြုချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြား ဆွေးနွေးခဲ့ကြသည်။

သတင်းစာရှင်းလင်းပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ သတင်းဌာနများမှ သတင်းမီဒီယာသမားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြည်သူများထံအရောက်ဆောင်ရွက်ပေး

**မြစ်ကြီးနား ဩဂုတ် ၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ ကြီးမှူး၍ မြို့နယ်အတွင်း နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကိုင်ဆောင်ခွင့်ရရှိရေး ရပ်ကွက်/ကျေးရွာများနှင့် အခြေခံပညာကျောင်းများသို့ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၁ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ နောင်နန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျေးရွာအုပ်စုနေ ပြည်သူများအား တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် မြို့နယ်ဒုတိယဦးစီးမှူး ဦးဝင်းမောင်က အနီးကပ်ကြီးကြပ်၍ ဒု-လဝကမှူး ဒေါ်ဒီလွမ်းနန်းနှင့်ဝန်ထမ်းများက အသက်(၁၀)နှစ်ပြည့် နိုင်ငံသား ၂၂ ဦး၊ အသက်(၁၈)နှစ်ပြည့် နိုင်ငံသား ၄၆ ဦးနှင့် ပျက်စီး/ပျောက်ဆုံးမိတ္တူလဲလှယ် ၁၃ ဦးအား နေ့ချင်းပြီးလုပ်ဆောင်ပေးခဲ့ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဇခေါင်နှင့် တာဝန်ရှိသူများက ပူးပေါင်းကူညီခဲ့ကြကြောင်းသိရသည်။

**ဦးလေးကြီး**

# နန့်တီဆင်းတံတား မကြာမီဖြတ်သန်းခွင့်ပြုမည်

**မြို့သစ် ဩဂုတ် ၁**



မြို့သစ်မြို့ မင်းသာကျေးရွာ နန့်တီဆင်းချောင်းပေါ်တွင်တည်ဆောက်ထားသော နန့်တီဆင်းတံတားသည် လွန်ခဲ့သောနှစ်ကချောင်းရေတိုက်စားမှုကြောင့်ပျက်စီးသွားသဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၀၀ ဖြင့် ပြန်လည်တည်ဆောက်ခဲ့ရာ ပြီးစီးပြီဖြစ်၍ မကြာခင်ဖြတ်သန်း သွားလာနိုင်တော့မည်ဖြစ်ကြောင်းသိရသည်။

"နန့်တီဆင်းတံတားက အရှည်ပေ ၁၆၀၊ အကျယ် ၁၂ ပေခွဲရှိပြီးတော့ သံကူကွန်ကရစ်အုတ်မြစ်ချ ဘေလီသစ်သားတံတားဖြစ်ပါတယ်။ တည်ဆောက်ရေးလုပ်ငန်းများပြီးစီးပြီဖြစ်လို့ မကြာခင် ဖြတ်သန်းသွားလာခွင့်ပြုမှာဖြစ်ပါတယ်" ဟု လမ်းဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါတံတားသည် ကဘော်ချိုင့်ဝှမ်းဒေသအထက်ပိုင်းကျေးရွာများနှင့် ဟုမ္မလင်းမြို့နယ်သို့ ဆက်သွယ်သွားလာရာတွင် အရေးပါသည့်တံတားတစ်စင်းဖြစ်ကြောင်း သိရသည်။

**ထွန်းမင်းအောင်(ပြန်/ဆက်)**

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများ၏အကြံပြုချက်ကိုလက်ခံ

**လွိုင်ကော် ဩဂုတ် ၁**

